


ဦးအောင်သိမ်းမြတ်
မြန်မာ့ရိုးရာ
ဟာသ ပုံပြင်များ
အမှတ် (၁)
ဒုတိယအကြိမ်

ဦးအောင်သိမ်းမြွတ်

# မြန်မာ့ရိုးရာ ဟာသပုံပြင်များ

အမှတ် (၁)



ကာတွန်း:ဖောင်ဖောင်အောင်၊ ၂၀၂၀

ISBN 9789997130556
SPK36
9 789997 130556
2,000.00 KS

mgyoe.com

mgyoe.com

မြန်မာ့ရိုးရာဟာသပုံပြင်များ (၁)၊ ဦးအောင်သိမ်းမြတ်
မျက်နှာဖုံးသရုပ်ဖော် - ကာတွန်းမောင်မောင်အောင်
အတွင်းသရုပ်ဖော် - ဖိုသံ
စာမျက်နှာ ၂၁၉ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂၊ ဇူလိုင်၊ ဘဝတက္ကသိုလ်စာပေတိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


– စာဦး အမှာ (က)

* သက်မဲ့ပစ္စည်း၏ ဒေါသ ၁

* မိုးဟုပြောရာ ချိုးဟုကြား ၈

* ဟာသမင်းသား ဦးထော်ခဲ ၁၈

  – ဗိုက်ထဲပြေးဝင်သော အိပ်မက် ၁၈

  – မိုးကြိုးပစ်အောင်ကောင်းသည့် လက္ခဏာ ၂၁

  – ဗြဟ္မာ့ဘုံသို့ ပျံတက်ခြင်း ၂၅

  – တစ်ခုမကျန် အကုန်ထည့် ၃၀

  – တစ်သဝေမတိမ်း နာခံသူ ၃၅

  – တိတိကျကျ လိုက်နာသူ ၃၈

  – ကြက်ငယ်နှင့် လှေကားထစ် ၄၁

  – ဓားထမ်းထားသော ကျွဲကလေး ၅၀

  – အုံ့ဩဖွယ် ရေငုပ်ကောင်းသူ ၅၅

  – ကျွန်းကြီး လက်ာမှ ပုစ္ဆာသည်များ ၆၁

  – စံထိုးလောက်သော ပန်းချီပြိုင်ပွဲကြီး ၆၆


mgyoe.com

mgyoe.com


– အထွားအကျိုင်း ပြိုင်ပွဲကြီး ၇၀
– မောင်းမယေင်ါးယောက် အမူ ၇၄
– ကျယ်တစ်ပြစ်၊ တိုးတစ်ပြစ်ပါကလား ၇၉
– ဝေဒနာကြီး စွဲကပ်ခြင်း ၈၃
– ဦးလည်မသုန် ကျင့်စေရန် ၉၁
– အရေအတွက် ပြဿနာ ၉၇
– လူမှဖြစ်သော ကြက်ဥများ ၁၀၁
– မျောက်ဖြစ်သွားသော ဘုရင်ကြီး ၁၀၆
– ထော်ခဲ၏ စကားလက်ဆောင် ၁၁၃
– ထော်ခဲ၏ နောက်ဆုံး နှုတ်ဆက်ပွဲကြီး ၁၁၈
✱ လေပုန်းက မြူး ၁၂၃
✱ ပျော်တော်ဆက်ကြီး ဦးပေါ်ဦး ၁၃၀
– ဆင်ခြေရာ ရေပေါ် ပေါ်ခြင်း ၁၃၀
– နှစ်လုံးတည်းနှင့် ကပ်ရှုပ် ၁၃၁
– သွန်းဘုရားတစ်ဆူ ပူဇော် ၁၃၂
– ကြောက်စရာ အကောင်းဆုံးသူ ၁၃၄
– မွေးသည်နံသည် မသိပါ ၁၃၆
– နိုင်ပုံနိုင်နည်း မတူပါ ၁၃၇
– မိုက်ပုံကိုဖွဲ့ ငှီကာချဲ့ ၁၃၉
– ဘုရင်မင်းမြတ် လာခဲ့စေ ၁၄၀
– သည်မြစ်ပြင် သခင် ကူးမယ်ပါ ၁၄၃
– စာဥ၏ လင်အကြောင်း ၁၄၄
– ကျေးဇူးရှင်ကို ရှာဖွေခြင်း ၁၄၆
– မတည့်သော အရာဟူသည် ၁၄၈


mgyoe.com

mgyoe.com


– ချိုးမွမ်းစရာ ကုန်သွား၍ ၁၅၀

– စာလုလုနှင့် စာရုပ်ဆိုး ၁၅၂

– မနိုင်၍ နိုင်ရာကိုင်ခြင်း ၁၅၃

– ပညာချင်း ယှဉ်၍မရ ၁၅၄

– မြစ်ရေ ဖူးဖူးရောင်ထခြင်း ၁၅၈

– အနှစ်ခြောက်ဆယ် ကြာသောအခါ ၁၅၉

– စွမ်းသောလူ မသူ မရှိ ၁၆၁

– ဘုရင့်အမိန့် ဖိဆန်သူ ၁၆၂

– ခြသေ့်ကြီးတွေကတော့ကွာ ၁၆၅

– အုံတုံကျွဲကော် တဖျော်ဖျော် ၁၆၆

– ကတ်သီးကတ်သတ် အခွန်တော် ၁၆၇

– သိန္နီပြန်၏ ဆင်ခြေ ၁၆၈

– ငါဆိုတာ ဘယ်သူတုံးဟေ့ ၁၇၁

– ဂန္ဓမာ အနီပွင့်များ ၁၇၃

– လေနတ်သား ခဝပ်တွားလျက် ၁၇၅

– တတ်လည်း တတ်နိုင်ပါပေ့ ကိုရွှေဝန် ၁၇၈

– ဟင်းစားကြက်က အတက်ကောင်း ၁၇၉

– ကြီးလေးကြီးတို့ အရပ် ၁၈၀

– နန်းတော်ကျောင်းက အစောင်းစာ ၁၈၂

– ကျောက်ရုပ်ဖြစ်ရာ မထောင်းသာ ၁၈၄

– ဗလာပုဆိုး တန်ခိုးရှိ ၁၈၆

– ငဖလားကောင် ဘာမှတ်တုံး ၁၈၈

– သူထမ်းငါထမ်း လွဲချကြ ၁၉၁

– ဘယ်သူ့ ဘယ်သူမှ စိတ်မချကြ ၁၉၂


mgyoe.com

mgyoe.com


- လွတ်စေရန် မြှုသောစကား ၁၉၅
- ဘုရင်ကတ်နှင့် အမတ်ကတ် ၁၉၇
- သိကြားမင်း လာစေလိုလျှင် ၁၉၈
- နှစ်ခွဲ တစ်တင်းနှင့် လေးစိတ် ၁၉၉
- ကျောက်ပြားအောက်က သမင်တွေ ၂၀၂
- သံချပ်ထိုးသည့် လူနောက်များ ၂၀၄
- ရှင်ဘုရင်က တောင်းပန်ရ ၂၀၆
- ပညာမာန်ထောင်သော အမတ် ၂၀၈
- အချိန်အခါ ရှိရာဝယ် ၂၁၁
- ပါဒရက်သမားကြီး ၂၁၂

* အဖျင်းတွင် တံခွန်ဆောက် ၂၁၅


❒

mgyoe.com

mgyoe.com



# စာဦး အမှာ

မြန်မာ့ရိုးရာပုံပြင်များတွင် ဟာသပုံပြင်များလည်း အများအပြား ပါဝင်လျက် ရှိပေသည်။

ဤစာအုပ် "မြန်မာ့ရိုးရာဟာသပုံပြင်များ အမှတ် (၁)" တွင် ထူးခြားသော ပုံပြင်နှစ်ပုဒ် ပါရှိပါသည်။

တစ်ပုဒ်မှာ "ဟာသမင်းသား ဦးထော်ခဲ" ဖြစ်၍ တစ်ပုဒ်မှာ "ပျော်တော်ဆက်ကြီး ဦးပေါ်ဦး" ဖြစ်ပေသည်။

ဟာသမင်းသား ဦးထော်ခဲပုံပြင်ကို ကွယ်လွန်သူ စာရေးဆရာကြီး ဆရာ (ဦး) ကုသက ဖော်ထုတ်ခဲ့သည်။ ဆရာကြီးသည် မွန်ဘာသာ စာပေမှတစ်ဆင့် ယဉ်ကျေးမှု စာစောင်၏ စာမျက်နှာများပေါ်သို့ ပို့ပေးခဲ့သည်။ ဆရာကြီး၏ ကျေးဇူးကြောင့် စကားတောင်စားပုံပြင်ပါ ဇာတ်ကွက်အချို့သည် ထော်ခဲပုံပြင်ပါ ဇာတ်ကွက်အချို့နှင့် တူနေကြောင်း သိခွင့်ရခဲ့ပေ၏။

ထိုနည်းတူပင် ပျော်တော်ဆက်ကြီး ဦးပေါ်ဦး ပုံပြင်ပါ တစ်ကွက် တလေသည်လည်း ဟာသမင်းသား ဦးထော်ခဲနှင့်

mgyoe.com

mgyoe.com



သားမျှသာ ဖြစ်ပါသည်။

ထိုချီပါသား ပခန်းသားမှာလည်း မြန်မာ့ယဉ်ကျေးမှု နယ်ပယ်တွင် ရှိကောင်းရှိနိုင်သည့် လူနောက်လူပြောင်များ လူလိမ်များ၏ အမူအကျင့်များ ပါဝင်သည့်နည်းတူ ရှိရန် ခက်ခဲသော အမူအကျင့်များလည်း တွေ့နိုင်ပေသေးသည်။ သို့အတွက် ကြားဖူးနားဝဟာသများကို စာအရေးကောင်းသူ တစ်စုံတစ်ဦးက စုစည်းတင်ပြခဲ့ဟန်တူပေသည်။

ကြားဖူးနားဝ ဟာသများကို တစ်ပုဒ်စီ ပြတ်တောင်း ပြတ်တောင်း ဖော်ပြခြင်းထက် ယုတ္တိယုတ္တာဖြင့် ဇာတ်ကောင် များ တကယ်ရှိလေဟန် ဖန်တီးပြီးမှ ရယ်စရာများကို ဇာတ် ကွက်ဖော်ကာ ရေးသားသည့်အတွက် မှတ်မိသားမိရှိသွား သည်။ ပြောစမှတ် တွင်သွားသည်။

စကားတတ်သော လူတစ်ယောက်ဟု မဖော်ပြဘဲ ချီပါ သားအမည်တပ်ပြီး ကတ်ဖဲ့လုပ်ပုံကို ရေးလိုက်သောအခါ မှတ်မိသွားသည်။ "ချီပါသား ပြောသလိုပဲ၊ ချီပါသား လုပ်သလိုပဲ" ဟူ၍လည်း "တွင်" သွားတော့သည်။

စုံထောက်ကြီး ရှားလော့ဟုမ်း တကယ်ရှိသည်ဟု အင်္ဂလိပ်စာဖတ်ပရိသတ်များ ထင်မှတ်ခဲ့ကြဖူး၏။ မြန်မာ တွင်လည်း တကယ့် ချီပါအရပ်က ပခန်းအရပ်က လူများဟု ရှေးအခါက ထင်မှတ်မှားခဲ့ကြသည်မှာ မဆန်းပေ။

ထို့ပြင် ခုံတော် မောင်ကျဖမ်းနှင့် ရဟန်းတော်တစ်ပါး အကြောင်းအရာမှာလည်း ဟာသပုံပြင်ထဲမှ ပုဂ္ဂိုလ်များဟု သဘောထားလိုက်ခြင်းက အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ ခုံတော် မောင်ကျဖမ်းပုံပြင်ကို ကြည့်လျှင်လည်း ဟာသကဲ

mgyoe.com

mgyoe.com



ထားသည်ကို တွေ့ရပါလိမ့်မည်။

လူစွမ်းကောင်း မိတ္တပုံပြင်မှာ ဒုဋ္ဌဂါမဏိဇာတ်မှဖြစ်၏။

သို့ရာတွင် ဒုဋ္ဌဂါမဏိဇာတ် စကားပြေကို ရှာဖွေဖတ်ရှုပါမူ ထိုဇာတ်ကောင်ကို တွေ့ရဖွယ်မရှိပါ။

ဤ မြန်မာ့ရိုးရာ ဟာသပုံပြင်များတွင်ပါရှိမည့် "လူစွမ်းကောင်း မိတ္တ" မှာ ကွက်စိပ်ထဲမှ ဇာတ်ကောင်ဖြစ်ပါသည်။

ကွက်စိပ်တို့၏သဘောမှာ ဟာသကဲသော ဖျော်ဖြေရေးဖြစ်သဖြင့် လွန်သောကဲသော ဇာတ်ကောင်များကို အခွင့်သာလျှင် သာသလို ထိုးထည့်လေ့ရှိပါသည်။

ကွက်စိပ်စာ၏ အရေးအဖွဲ့မှာ ရကန် မေတ္တာစာ ဟောစာတို့နှင့် နီးစပ်၏။ ရကန်ကို ရေးပြီဆိုလျှင် ရကန်ပီသစေရန် ကန်ရ ကျောက်ရ ထေ့ရငေါ့ရ သရော်ရတော့သည်။ ထိုစာနှင့် ညီအစ်ကိုတော်သော ကွက်စိပ်စာမှာလည်း သရော်လှောင်ပြောင်မှုများ ချဲ့ကားမှုများ ပါလာတော့သဖြင့် ရကန်ထက်ပင် မြူးသည်။

သို့ကြောင့် လူစွမ်းကောင်း မိတ္တမှာ အမြူးအရွှင် စာထဲမှ လူလွန်မသား ဖြစ်သည်။ မြန်မာ့ရိုးရာ ဟာသပုံပြင်များတွင် ပို၍ စုံလင်စေရန် ရည်သန်၍ ကွက်စိပ်စာကို စကားပြေသို့ ပြန်ဆိုဖော်ပြထားပါသည်။ ရှုစားကြည့်ကြပါ။ စိတ်ရွှင်လန်းကြ၊ အကြိုက်တွေ့ကြလိမ့်မည်ဟု များစွာ ယုံကြည်ပါသည်။

**ဦးအောင်သိမ်းမြတ်**

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


## သက်မဲ့ပစ္စည်း၏ ဒေါသ

ရှေးလွန်လေပြီးသောအခါက ပုဂံပြည်တွင် "တရားညှပ်ကြီး" တစ်ခုရှိခဲ့ဖူးလေသည်။ ညှပ်ကြီးမှာ ကွမ်းသီးများကို ခွဲစိတ်သော ကွမ်းညှပ်ပုံရှိ၍ အရွယ်အစားမှာမူ လူကို ညှပ်နိုင်အောင် ကြီးမားလှပေသည်။

တရားညှပ်ကြီး အလုပ်လုပ်ပုံမှာ ဤသို့ ဖြစ်သည်။

"သင့်ပစ္စည်းကို ငါမယူ"

"ငါ့ပစ္စည်းကို သင်ခိုးသည်" ဟူ၍ လူနှစ်ယောက် အငြင်းပွားနေလျှင် တရားသူကြီးထံ သွားနေရန်မလို။ သက်သေထူနေရန်လည်း မလိုအပ်ချေ။ မြို့လယ်တွင်ထားသော တရားကွမ်းညှပ်ကြီးသို့ လာရန်သာ ရှိသည်။

အငြင်းပွားသူနှစ်ယောက် ကွမ်းညှပ်ကြီးရှေ့တွင် စုံညီရပ်မိလျှင် တစ်ဦးဦးက စတင်ပြီး သစ္စာဆိုရ၏။ ဥပမာ... စွပ်စွဲသူ တရားလိုဆိုကြပါစို့။

သူသည် ဟထားသော ညှပ်ကြီးထဲသို့ လက်ကောက်ဝတ်ကို

mgyoe.com

mgyoe.com


ဖြစ်စေ၊ လက်မောင်းကိုဖြစ်စေ၊ သို့မဟုတ် လက်ညှိုးဖြစ်စေ၊ လက်ခလယ် လက်သူကြွယ်ကိုဖြစ်စေ သွားထားလိုက်သည်။

ထို့နောက်...

"ယခု ညှပ်ကြီးဘေးတွင် ကျွန်ုပ်နှင့်အတူ ရပ်နေသူသည် ကျွန်ုပ်ထံမှ အသပြာငါးဆယ် ချေးယူသွားခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပါပြီ။ ကျွန်ုပ်ထံမှ အသပြာငါးဆယ် ချေးငှားသွားခြင်း မရှိပါဘဲလျက် လိမ်ညာ စွပ်စွဲမိပါက ကျွန်ုပ်လက်အား ဖြတ်တောက်ပါစေသား"

စွပ်စွဲသော တရားလိုသည် လီဆယ်စွပ်စွဲငြားအံ့။ ဟနေသော ညှပ်ကြီးသည် ဒိုင်းခနဲကျလာကာ တိခနဲ ဖြတ်လိုက်လိမ့်မည်။

ထိုအခါတွင် အစွပ်စွဲခံရသူက ညှပ်ထဲလက်သွင်းကာ စကားဆိုရန် မလိုတော့ပြီ။ ညှပ်ကြီးက စီရင်ပေးပြီးပြီ မဟုတ်သလော။ သို့ရာတွင် ညှပ်ကြီးက ဘာမျှမလုပ်လျှင် စွပ်စွဲခံရသူ၏အလှည့်ဖြစ်သည်။ သူသည် လည်း ညှပ်ထဲသို့ မိမိ၏ကိုယ်အင်္ဂါအစိတ် အပိုင်းတစ်ခုခုကို သွင်းပြီးလျှင် သစ္စာမှုရတော့မည်။

"ယခု ညှပ်ကြီးဘေးတွင် ကျွန်ုပ်နှင့်အတူ ရပ်နေသူသည် ကျွန်ုပ်အား မတရားစွပ်စွဲပါသည်။ ကျွန်ုပ်သည် သူ့ထံမှ မည်သည့် ငွေကြေးကိုမျှ ချေးငှားယူငင်ထားဖူးခြင်း မရှိပါ။ ဤစကားမမှန်ပါက ကျွန်ုပ်အား ပိုင်းပိုင်းဖြတ်ပါစေသား"

စွပ်စွဲသူ မှန်ကန်လျှင် အစွပ်စွဲခံရသူကို ညှပ်ကြီးက ညှပ်သည်။ စွပ်စွဲသူမှားလျှင် စွပ်စွဲသူကို ညှပ်ကြီးက ညှပ်သည်။ သို့အတွက် လူများသည် လိမ်ညာလှည့်ဖြားမှု မပြုကြ။ ညှပ်ကြီးကို ကြောက်ရွံ့သောကြောင့် ဖြစ်ပေ၏။

ညှပ်ကြီးသည် တရားစီရင်၏။ သို့ရာတွင် လူမဟုတ်သည့် အတွက် တံစိုးပေး၍မရ။ လာဘ်ထိုးလျှင်လည်း မောရုံသာ ရှိမည်။

mgyoe.com

mgyoe.com



သို့ဖြစ်သဖြင့် မမှန်သူသည် ပြေးပုန်းရှောင်လွှဲတော့သည်။ ညှပ်ကြီးရှေ့သို့ကား မလာရောက်ကြချေ။

ထိုသို့ တော်တည့်မှန်ကန်သော တရားညှပ်ကြီးရှိသည့်အတွက် အငြင်းအခုံ အလိမ်အကောက်များ ပပျောက်အေးချမ်းနေပါလျက်က အမှုတစ်ခုရောက်ဖြစ်အောင် ရောက်လာသေး၏။

တရားလိုက လူဒါယကာ၊ တရားခံမှာ ဖိုးသူတော်။

ဖိုးသူတော်သည် တောင်ဝှေး တဒေါက်ဒေါက်ထောက်လျက် တရားညှပ်ကြီးဘေးသို့ ရှေ့ဆောင်ကာ ရောက်ရှိလာ၏။ သူ့နောက်မှ ပါလာသော ဒါယကာအား လှည့်ကြည့်ပြီး မေး၏။

"ဒါယကာ အရင် သစ္စာဆိုမလား၊ ငါအရင် ဆိုရမလား"

"ကျုပ် ဆိုမယ်" ပြောကာ ဒါယကာသည် ဖိနပ်ချွတ်ပြီး ညှပ်ကြီး အနားသို့ ကပ်လာသည်။ ဟနေသည့်အထဲသို့ လက်ကောက်ဝတ်ကို သွင်းသည်။

"အို... တရားညှပ်ကြီး၊ အကျွန်ုပ်သည် ဤဦးသူတော်ထံတွင် ရွှေတစ်ကျပ်သား အပ်နှံထားခဲ့ရာ တစ်နှစ်ကျော်ပါပြီ။ ယခုအခါတွင် ပြန်တောင်းသောအခါ မရတော့ပါ။ ပေးပြီးပြီဟု ငြင်းနေပါသည်။ အကျွန်ုပ်သည် ဦးသူတော်ထံတွင် အပ်နှံထားသော ရွှေတစ်ကျပ်သားကို ပြန်မရသေးပါ။ အကျွန်ုပ် မမှန်မကန်ပြောဆိုမိပါက ထက်ပိုင်းပြတ် အောင် ညှပ်ပါလော့"

ညှပ်ကြီးသည် ဒိုင်းခနဲ ကျမလာပါ။

ဒါယကာသည် ရွှင်ပျစွာဖြင့် ဖိုးသူတော်အား လှည့်ကြည့်သည်။

"ဘယ်လိုတုံး ဦးသူတော်၊ ဆက်ပြီး လိမ်နေဦးမှာလား" ဟု အပေါ်စီး လေသံဖြင့် မေးသည်။

"မင်း ရွှေတစ်ကျပ်သား ဘယ်နှခါ ပြန်ပေးရမတုံး"

mgyoe.com

mgyoe.com


"ခင်ဗျားဟာ ဝတ်ဖြူစင်ကြယ် ဝတ်ထားပြီး မုသားပြောရတာ မရှက်ဘူးလား"

"ဒါယကာ၊ သည်လို မတရား မစွပ်စွဲနှင့်၊ ပြန်ပေးပြီးပြီ"

"ကဲ... ဒါဖြင့် ညှပ်ထဲ လက်သွင်း၊ သစ္စာဆို"

ဒါယကာ ရဲရင့်သည့်နည်းတူ ဖိုးသူတော်လည်း ရဲရင့်ပါသည်။

"အမယ်... ဘာပြုလို့ သစ္စာမဆိုရဲရမှာတုံး" ပြောရာက လက်ကို ညှပ်ကြီးထဲသို့သွင်းသည်။ သို့ရာတွင် လက်ထဲ၌ တောင်ဝှေးနှင့် ပန်းတွေ ကိုင်ထားသည်။ ကျန်တစ်ဖက်ထဲတွင်လည်း ကြေးစည်နှင့် အိတ်ကို ကိုင်ထားသည်။ ညှပ်ကြီးထဲသို့ တောင်ဝှေးနှင့် ပန်းတွေကိုင်ထားသော လက်သွင်း၍ မရ။ တောင်ဝှေးနှင့် ပန်းကို ဟိုဘက်လက်သို့ ပို့၍လည်း မကိုင်နိုင်အောင် များနေသဖြင့် ဒါယကာထံ လှမ်းပေးသည်။

"ငါ့နှယ်နော်... ရှုပ်လိုက်တာ၊ ယူထားစမ်းကွယ်"

ကသိကအောက်ဖြစ်နေသည်ကို မြင်နေရသဖြင့် ဒါယကာမှာ ကူညီသည့်အနေဖြင့် တောင်ဝှေးနှင့် ပန်းစည်းကို လှမ်းယူလိုက်ရသည်။

"ငါသည် ငါ့အား စွပ်စွဲသော ဒါယကာထံမှ ရွှေတစ်ကျပ်သား လက်ခံထားဖူးသည်ဆိုခြင်းမှာ မှန်ပါ၏။ သူ့ရွှေကို သူ့ထံ ပြန်ပေးပြီးသည်မှာလည်း မှန်ပါ၏။ မမှန်မကန်ပြောမိပါက ပိုင်းပိုင်းပြတ်အောင် ဖြတ်ပါစေသား"

ညှပ်ကြီး ဒိုင်းခနဲ ကျမလာပါ။

ဖိုးသူတော်သည် အောင်မြင်သူ၏အပြုံးဖြင့် ဒါယကာကို လှည့်ကြည့်သည်။ ပန်းစည်းနှင့် တောင်ဝှေးကို ပြန်ယူသည်။

တရားလိုသည် နာကြည်းသော အကြည့်ဖြင့် ဖိုးသူတော်အား ကြည့်သည်။ ညှပ်ကြီးကိုကား အံ့သြစွာ ကြည့်သည်။

ကြုံတောင့်ကြုံခဲ တွေ့မြင်ရသော စွပ်စွဲငြင်းဆန်မှုကို လာရောက်

mgyoe.com

mgyoe.com



ကြည့်ရှုသော ပရိသတ်လည်း အံ့သြနေသည်။ ဒါယကာ မှန်လျှင် ဖိုးသူတော် မှားရမည်။ ဖိုးသူတော်မှားလျှင် ဖိုးသူတော် အညှပ်ခံရမည်။ ဖိုးသူတော် မမှားလျှင် ဒါယကာ မှားရမည်။ ဒါယကာလည်း အညှပ်မခံရ။

"ညှပ်ကြီး ဘယ်လိုဖြစ်သွားတာတုံး"

လူအချို့က မရဲတရဲ အော်ဟစ်၏။

ညှပ်ကြီးသည် စကားမပြောတတ်သဖြင့် မချေပနိုင်။ စကားပြောတတ်ပါမူ "ငါ ဘာမှမဖြစ်ဘူး၊ သူတို့အချင်းချင်း မလိုမ့်တပတ် လုပ်နေတာ" ဟု ချေပလိမ့်မည်။

စင်စစ် ဖိုးသူတော်သည် သူယုတ်မာ ကောက်ကျစ်စဉ်းလဲသူ ဖြစ်၏။ မုသာဝါဒလွတ်အောင် ပွတ်ကာသီကာ လိမ်၏။ သစ္စာဆိုပြီး ချထားသော ညှပ်ကြီးမှာ သူ့စည်း သူ့ခွင်တွင်းမှာသာ ညှပ်ခွင့်ရှိ၏။

အကယ်၍ ဖိုးသူတော်သည် တောင်ဝှေးကို သူ၏ဘယ်ဘက် လက်ထဲတွင်ဖြစ်စေ၊ ညာလက်ထဲတွင်ဖြစ်စေ ကိုင်ထားပြီး "သူ့ ရွှေတစ်ကျပ်သား ပြန်ပေးပြီးပါပြီ" ဆိုအံ့။ ညှပ်ကြီးက ဒိုင်းခနဲ ညှပ်ပစ် ဖြတ်ပစ်လိမ့်မည်။

ယခုသော် တောင်ဝှေးကို ဒါယကာထံ ပေးထားသည်။

တောင်ဝှေးအခေါင်းထဲတွင် ဒါယကာ၏ ရွှေတစ်ကျပ်သား ရှိနေသည်။ ဤသည်ပင်လျှင် ပြန်ပေးပြီးပြီ မဆိုနိုင်သလော။ ဆိုနိုင်သည်။ ဆိုနိုင်သောကြောင့် ညှပ်ကြီးက မညှပ်။

စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့ နှစ်ဦးလုံး မှန်ကန်နေသော ဖြစ်ရပ်ဆန်း သည် ပုဂံတစ်မြို့လုံး ပြောစရာဖြစ်တော့သည်။ လူအများသည် မည်သည့် အတွက် ဤသို့ ဖြစ်ရသနည်းဟု ဖိုးသူတော်ထံ စုံစမ်းကြ၏။ နည်းအမျိုး မျိုးဖြင့် စုံစမ်းကြသောအခါ ဖိုးသူတော်၏ လိမ်ညာဏ်ကို သိသူရှိလာ တော့၏။

mgyoe.com

mgyoe.com


ထိုမလိုမ့်တပတ်ဉာဏ်ကို သိသူအချို့က သစ္စာမူရာ ညှပ်ကြီးကို မလိုမ့်တပတ်လုပ်ကြသည်။ တစ်နည်းအားဖြင့် သစ္စာစူးလွတ်လိမ်ကြခြင်းဖြစ်ရာ ညှပ်ကြီးမှာ ကြာသောအခါ ရှက်လာသည်။ ရှက်ရာက ဒေါသဖြစ်လာတော့သည်။

သက်မဲ့ပစ္စည်းကြီး ဒေါသထွက်လာသောအခါ မလှုပ်ရှားတော့ပေ။ မှားသောအမှုရောက်လာလည်း မညှပ်ပေ။ လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြော၊ လိမ်လိုသမျှ လိမ်ကြ ပုဂံညှပ်ကြီးကား မတုန်မလှုပ်ဖြင့်သာ ရှိနေပေတော့သတည်း။

❒

mgyoe.com

mgyoe.com


# မိုးဟုပြောရာ ချိုးဟုကြား

ရှေးရှေးတုန်းက ရွာတစ်ရွာတွင် ထန်းသမားတစ်ယောက် ရှိလေသည်။ အကြောင်းမသင့်သဖြင့် ခများမှာ နားကောင်းစွာ မကြားရှာချေ။

ထိုရွာ၏ တစ်နေရာတွင်လည်း ထန်းသမားနည်းတူ အကြားအာရုံချို့တဲ့သော ဆိတ်ကျောင်းသမားတစ်ယောက် နေထိုင်လျက်ရှိပေသည်။

တစ်နေ့တွင် ထန်းသမားသည် ထန်းလှီးနေသည်။ သခင် သွားရာသို့ တကောက်ကောက်လိုက်လေ့ရှိသော သူ့ခွေးသည် ထန်းတောထဲ၌ လှည့်လည်သွားလာနေချေသည်။

ထိုအချိန်တွင် ဆိတ်ကျောင်းသူသည် ဆိတ်များကို အိမ်သို့ မောင်းနှင်ကာ ခြံသွင်းသည်။ ဤတွင် ဆိတ်တစ်ကောင် လျော့နေသဖြင့် အလျင်အမြန် ပြန်ထွက်လာသည်။

ဟိုနေရာရှာ သည်နေရာကြည့်ဖြင့် ဆိတ်ပျောက်ကို ရှာသည်။ မတွေ့ပါ။ နေ့အလင်းရောင်ကလည်း မကြာမီ ကုန်ဆုံးတော့မည်။

mgyoe.com

mgyoe.com


မှောင်ကာမှဆိုလျှင် ဆိတ်ကိုတွေ့ရန် ဝေးစွ၊ လူအတွက်ပင် မြွေပါး ကင်းပါး စိုးရိမ်ရသည်။

ဆိတ်ကျောင်းသားသည် ရှာရင်း ဖွေရင်း ထန်းတောထဲသို့ ရောက်လာသည်။ ထန်းသမားကို လှမ်းမြင်သောအခါ အတွေးဝင်လာ သည်။

... အမြင့်ကြီးက လူဟာ မြေပြင်ပေါ်မှာ လျှောက်နေတဲ့ လူထက် ဝေးဝေးမြင်နိုင်တယ်။ အများကြီးလည်း မြင်နိုင်တယ်။ ထန်းသမားကို အကူအညီတောင်းရရင် လွယ်ကူနိုင်တယ်။

သို့ကြောင့် "ဗျို့... ထန်းသမား" ဟု လှမ်းအော်၏။

ထန်းသမားမှာ နားလေးသော်လည်း ကြွားဝါချင်စကား ပြောချင် နေ၏။ သို့အတွက် ထန်းတောထဲမှ ဖြတ်သန်းသွားသူများကို ဂရုတစိုက် ငုံ့ကြည့်၏။ ငုံ့ကြည့်သဖြင့် ဆိတ်ကျောင်းသား မော့အော်သည်ကို မြင်ခြင်း ဖြစ်၏။ အသံကို မကြားပါ။ ဟန်ပန်ကို မြင်ရုံဖြင့် သူ့ကိုခေါ် ကြောင်း သိသည်။

"ဆိတ်တစ်ကောင် ပျောက်နေလို့ဗျို့၊ ဘယ်နားမှာများ မြင်လိုက် မိသတုံး"

ထန်းသမားသည် ဆိတ်ကျောင်းသား၏ပါးစပ်လှုပ်ပုံကို သေချာ စွာ ကြည့်ပြီးနောက် "ခင်ဗျားပိုင်တဲ့ ထန်းပင် ဘယ်လောက်များသတုံး" ဟု ကိုယ်လိုရာ ကိုယ်ဆွဲပြီး ကြားလေ၏။

သို့ကြောင့် လက်ဟန်ခြေဟန်ဖြင့် တုံ့ပြန်ဝါကြွား၏။

"ဟောဟိုဘက်တစ်တန်း မည်းမည်းမြင်သမျှ ထန်းတောတွေဟာ ကျုပ်နဲ့ ကျုပ်ယောက္ခမ ပိုင်တာပေါ့ဗျာ"

ဆိတ်ကျောင်းသူမှာလည်း ဆိတ်တွင် ဇောကပ်နေသဖြင့် "ဟောဟို တောင်ဘက်နားမှာ ခုနက ဆိတ်တစ်ကောင် မြင်လိုက်သဗျ" ဟု လိုရာဆွဲ

mgyoe.com

mgyoe.com


ပြီး ကြားသည်။ မတော်တဆ ခွေးကိုက်နေမှဖြင့်၊ မြွေကိုက်နေမှဖြင့် ဟူသော စိုးရိမ်စိတ်ကဲကာ အပြေးလာခဲ့သည်။

ဆိတ်ကို တွေ့ပါသည်။ ခွေးမကိုက် မြွေမကိုက်ပါ။ သို့ရာတွင် ဘောက်ဖတ်တုတ်သဖြင့် ဆန့်ဆန့်ကလေး အသက်ပျောက်နေပြီ။

ဆိတ်ကျောင်းသားမှာ ဆိတ်တစ်ကောင် သေသွားသဖြင့် ဝမ်းနည်းသော်လည်း တစ်နည်း လှည့်တွေးကာ ဝမ်းသာ၏။ ကျေးဇူးတင်၏။

... ကြည့်စမ်း၊ ထန်းသမား ညွှန်ပေလို့၊ သူသာ မညွှန်ရင် နေဝင်လို့ တောင် သည်နေရာကို ငါ ရောက်ချင်မှရောက်မယ်။ ငါ မရောက်ခင် သည့်ပြင်လူ တွေ့သွားရင်၊ ခွေးစားသွားရင် ငါ့မှာ ဘာမှရတော့မှာ မဟုတ်တော့ဘူး။

ဆိတ်ကျောင်းသားသည် ဆိတ်သေကို ကုပ်ပေါ်ခွတင်လျက် ပြန်လာသည်။ ထန်းသမား ထန်းပင်ပေါ်မှ အဆင်းနှင့် ကြုံသည်။ ဝမ်းသာအားရ ပြေးသွားသည်။ ထန်းသမားရှေ့သို့ ဆိတ်သေကို ပစ်ချသည်။

"ခင်ဗျား ညွှန်ပေလို့ ဆိတ်သေကို ချက်ချင်း တွေ့တာဗျို့၊ ကျေးဇူး ဆပ်တဲ့အနေနဲ့ ဟင်းစား ပေးပါရစေ၊ ကဲ... ပေါင်တစ်ပေါင် လှီးယူဗျာ"

ထန်းသမားခမျာ မျက်လုံးပြူး မျက်ဆံပြူးလျက် တွန့်တွန့်လိမ် လိမ် ဖြစ်သွား၏။

"အမယ်... ဘာပြုလို့ လျော်ရမှာတုံး၊ ခင်ဗျားဆိတ်ကို ကျုပ် ခွေးကိုက်တာ ဘယ်သူမြင်တုံး၊ ကျုပ်ခွေးဟာ သည်နားမှာပဲနေတာ"

ထန်းသမားက အလျင်အမြန်ကာကွယ်ပြီးလျှင် ဆိတ်ကျောင်းသား အား အကဲခတ်သည်။ ကျေနပ်ပုံမရ။

... မဖြစ်ဘူး၊ သူကြီးဆီသွားပြီး ဦးခင်အောင် တိုင်ထားမှ...

ထန်းလှီးရန် ထန်းပင်များ ကုန်ပြီမို့ ထန်းသမားသည် ရွာထဲသို့

mgyoe.com

mgyoe.com


အပြေးလာခဲ့၏။ နားထိုင်းသူပီပီ အသံသဲ့သဲ့ဖြင့် လှမ်းခေါ်ရင်း အိမ်ထဲသို့ ဝင်လာသည်။

"သူကြီး... သူကြီး၊ ဟောဟိုမှာ ဆိတ်ကျောင်းသားက သူ့ဆိတ်ကို ကျုပ်ခွေးမကိုက်ဘဲနဲ့ ကိုက်ပါတယ် စွပ်စွဲနေတယ်"

စင်စစ်အားဖြင့် အိမ်ရှေ့တွင် ထိုင်နေသူမှာ သူကြီးမဟုတ်။ သူကြီး၏မယား ဖြစ်သည်။ သူသည် ယောကျ်ားတစ်ယောက်နှင့် စကားပြောနေသည်။ စကားပြောပုံမှာ ရိုးရိုးတန်းတန်း မဟုတ်။ လက်တို့၊ ခြေတို့၊ ခါးတို့၊ ပခုံးကိုင်လျက် ပြောနေခြင်းဖြစ်သည်။

သို့လျှင် မိမိက အနေမဟုတ်သောအခါ အမှန်အတိုင်း မကြားဘဲ "ဒါလား သူကြီးမယား၊ လင့်ကွယ်ရာမှာ သည်လိုနေတာ ဘယ်ကောင်းမတုံး။ သူကြီး ပြန်လာမှတိုင်ရဦးမယ်" ကိုယ်လိုရာ ကိုယ်ဆွဲပြီး ကြားသည်။

ထန်းသမားကား သူတိုင်သူမှာ သူကြီးမဟုတ်၊ မယားဖြစ်နေသဖြင့် စကားထပ်မံပြန်ပြောပြီး ထွက်ခွာသွားလေ၏။

သူကြီးမယားမှု ဒေါသဖြစ်လျက် ကျန်ခဲ့ရာက နောက်ဖေးဘက်တွင် တောင်းရက်နေသော လင်သူကြီးထံ ထလာ၏။ ထန်းသမားမတိုင်မီ မိမိက ဦးအောင်ပြောထားရန် အကြံဖြင့် ဖြစ်၏။

"ကိုအဟာ၊ တော့်ညီနှင့် ကျုပ်နှင့် အိမ်ရှေ့မှာ စကားပြောနေတာကို ထန်းသမားက သွားပုပ်လေလွင့် မတော်မတရား ပြောသွားတယ်။ ခေါ်ပြီး ဆုံးမပေးပါ၊ ကျုပ် မခံနိုင်ဘူး"

သူကြီးမှာလည်း သူ့မယားနည်းတူ နားထိုင်းသူဖြစ်ရကား သူလိုရာသို့ဆွဲပြီး ကြားလေသည်။ သူလိုရာကား "ဝါဖတ်ခြင်း" ဖြစ်သည်။

"ရက်တုန်းကတော့ ဝါဖတ်ခြင်းပဲ၊ အေး...ဖင်တော့ နည်းနည်းရှုးသွားတယ်။ ဖင်ရှုးသွားတော့ရော ဘာဖြစ်သတုံး။ ဝါထည့်လို့ရရင်ပြီးတာပဲ"

mgyoe.com

mgyoe.com


သူကြီးသည် ပြောပြောဆိုဆို ဝါဖတ်ခြင်းကို ဆောင့်ချလိုက်သည်။

ဝါဖတ်ခြင်းကို ဆောင့်ချသော အမူအရာနှင့် ပါးစပ်လှုပ်ပုံကို တွဲစပ်ပြီး သူကြီးမယား အဓိပ္ပာယ်ကောက်ပုံမှာ "မင်း နေပုံထိုင်ပုံ အဟုတ် မဟုတ်လို့ ထန်းသမားက ပြောသွားတာပဲ။ မင်းကရော အဟုတ် ဟုတ်လို့လား၊ ဟော့... သည်မယ်... မင်း... မျောက်မွေးနေတာ ငါ မသိဘူး မှတ်သလား" ဟူ၍ ဖြစ်ပေသည်။

သူကြီးမယား အလွန်စိတ်ဆိုးသည်။

"နင်သာ သူတစ်ပါး သားပျို သမီးပျိုကို ဖျက်ဆီးတာ၊ ငါ မျောက် မမွေးဘူး"

ချေပ ရန်တွေ့သည်။ ဝါးလုံးပိုင်းတစ်ချောင်းဖြင့် လက်ကို ရိုက်သည်။

"ဟဲ့... ဗိုင်းတာမ၊ ဒါလေး ပြောတာနှင့်များ ငါ့ကို ရိုက်လား၊ နက်လားနှင့်"

သူကြီးလည်း မယား၏လက်ကို ဖမ်းဆွဲကာ ပယ်ပယ်နယ်နယ် ရိုက်နှက်လေတော့သည်။ သူကြီးမယားမှာ ထန်းသမားက သွားပုပ်လေလွင့် ပြောသွား၍ ရာဇမာန်ရှသည်တွင် လင်၏ မျောက်မွေးသည် စွပ်စွဲစကားကြောင့် ရှက်ရာက အသားနာသောအခါ ပို၍ မခံမရပ်နိုင်ဖြစ်ကာ ကျောင်းသို့ပြေးသည်။

ကျောင်းက ဆရာတော်ကို သူကြီးသည် သေလုအောင် ကြောက်၏။ သို့ကြောင့် သူ့လင်ကိုခေါ်ပြီး ရိုက်အောင် လျှောက်မည်၊ ထို့ပြင် မိမိမှာ ကျောင်းတကာ၏မြေးဖြစ်သဖြင့် မျက်နှာသာပေးလိမ့်မည်၊ ထိုစိတ်ကူးဖြင့် ပြေးလာခဲ့ခြင်း ဖြစ်သည်။

ကျောင်းထိုင် ကိုယ်တော်မှာ မာတုဂါမတစ်ဦးအား လက်ခံ စကားပြောနေသည်။ နှစ်လံကျော် သုံးလံကွာနေရာတွင် ထိုင်နေသော်

mgyoe.com

mgyoe.com



လည်း ရယ်မောနေသည်။ ဤအခြေအနေတွင် သူကြီးမယားက ရင်ထု ငိုယိုလျက် ရောက်လာသောအခါ နားလေးသူတို့ သဘာဝအလျောက် ကြားချင်ရာ ကြားလေ၏။ ကြားပုံမှာ "အမယ်လေး... လုပ်ရက်လေခြင်း ဘုရား၊ ဒကာ၊ ဒကာမမျက်နှာကို မထောက်နိုင်ရင်လည်း လူထွက်ပါ တော့လား" ဟူ၏။

သို့အတွက် မျက်စိပျက် မျက်နှာပျက်လျက် ဧကသီ ဖရိုဖရဲဖြင့် ထသွားကာ ဖိုးသူတော်အား လှမ်းခေါ်၏။ ဖိုးသူတော်မှာ နားလေးသော် လည်း ပြတင်းပေါက်တွင် ရပ်လာသော ကိုယ်တော်ကို မြင်သဖြင့် ကျောင်းပေါ်သို့ ပြေးတက်လာ၏။

"ဟဲ့... သူတော်၊ ကျောင်းဒါယကာရဲ့မြေး သူကြီးမယားက အထင်လွဲပြီး ငါ့ကို ကျောင်းပေါ်ကနေ နှင်ချနေပြီ။ အထုပ်အပိုး ပြင်ဟာ၊ သင့်ရာကို သွားကြစို့"

ဖိုးသူတော်ကမူ "ဟဲ့... သူတော်၊ ခြေရင်းက တလဖုတ်ဟာ အမြင် မလှဘူးဟယ်၊ မီးနဲ့ မြန်မြန်ရှို့ပစ်လိုက်စမ်း" ဟူ၍ စိတ်သန်ရာဆွဲပြီး ကြားသည်။ သို့ဖြစ်၍ ကျောင်းပေါ်မှ ဝမ်းသာအားရ ပြေးဆင်းသည်။ တလဖုတ်တဲကို မီးတင်ရှို့သည်။ မီးသည် တဲချည်း မလောင်၊ ကျောင်း ကိုပါ ဝါးမျိုသည်။ ကျောင်းမှ မီးပွားများ လွင့်လာသောအခါ ရွာကိုပါ ကူးစက်လောင်ကျွမ်းလေသတည်း။

နောက်ထပ်တစ်ပုံ ရှုပါဦး။

ဖော်ပြပြီးသော ပုံပြင်တွင် နားထိုင်းကြီးခြောက်ဦး ဖြစ်သည်။ အောက်တွင် ဖော်ပြမည့်ပုံပြင်မှာ လေးဦးတည်း ဖြစ်သည်။ ပင်းပုံ၊ ထိုင်းပုံ အကွက်လည်သော်လည်း တစ်နေရာတွင် တူနေသည်ကို တွေ့ရပါလိမ့် မည်။

"ဟဲ့... ဘယ်သူရှိတုံး၊ တစ်ယောက် လာစမ်း"

mgyoe.com

mgyoe.com


ကျောင်းထိုင်ဆရာတော်ဘုရားသည် ကွမ်းစားရန်အတွက် ကွမ်းအစ်ဖွင့်ပြီး ကွမ်းယာ ယာနေရာက ခြေရင်းဘက်သို့ မျှော်ကြည့်ကာ အသံပေး၏။

သာမဏေ သုံးလေးပါး ထိုင်နေရာမှ တစ်ပါးပြေးလာသည်။ ဒူးနှစ်လုံး ချထောက်လျက် ထိုင်၏။

"ဟဲ့... ကိုရင် ဥတ္တရ၊ ရွာထဲသွားပြီး နီးရာအိမ်က ကွမ်းစားဆေးရွက်ကြီး နည်းနည်း အလှူခံချေစမ်း။ မြန်မြန်သွား... မြန်မြန်ပြန်ခဲ့။ ဆရာတော် ကွမ်းစားခါနီး ဆေးရွက်ကြီး ကုန်နေလို့လို့ပြော"

"မှန်ပါဘုရား"

သာမဏေ သျှင်ဥတ္တရသည် ချက်ချင်း ကျောင်းပေါ်မှ ပြေးဆင်းလာခဲ့သည်။ လမ်းတစ်လျှောက်လည်း အပြေးလာခဲ့သည်။ ရွာသို့ဝင်ချိန်တွင်ကား မပြေးတော့ပါ။ ဣန္ဒြေဆည်သည်။ ဧကသီကို သပ်ရပ်စွာ ကပ်ထားသည်။

ရွာတံခါးနှင့် အနီးဆုံးအိမ်မှ ရက်ကန်းခတ် ခြုသံတလွင်လွင်ထွက်နေသည်။ ဆရာရင်း၊ ဒါယကာရင်းလည်း ဖြစ်သည်။ မိမိနှင့်လည်း ရင်းနှီးသည်။ ကွမ်းရွက်လေးငါးရွက်မျှသော် ရတန်ကောင်း၏။

ဆရာတော် ခိုင်းလိုက်သည်မှာ ဆေးရွက်ကြီး၊ ကိုရင်မှာ နားလေးသဖြင့် ကြားချင်ရာ ကြား၏။ ကြားသော်လည်း ယုတ္တိရှိအောင် ဆက်စပ်ပြီး ကြား၏။ အိမ်ခေါင်းရင်းတွင် ခြုသံတလွင်လွင်ဖြင့် ရက်ကန်းခတ်နေသော မာတုဂါမကလေးမှာလည်း နားက ခပ်ထိုင်းထိုင်းဖြစ်ရာ "ဒါယိကာမလေး... ဘုန်းကြီး ကွမ်းစားခါနီးမှာ ကွမ်းကုန်နေလို့၊ ကွမ်းလေးငါးရွက် လှူစမ်းပါ" ဟူ၍ ပြောသည်ကို "ငါ ရှင်လိင်ပြန်တဲ့အခါ ဝတ်ဖို့ တစ်ဝတ်စာ ချန်ထားလိုက်စမ်းဟာ" ဟု ကြားသည်။

သို့ဖြစ်သဖြင့် မျက်စောင်းချိတ်လိုက်သည်။

mgyoe.com

mgyoe.com


"ကိုရင် ဥတ္တရတို့များ လည်ပုံလည်ပန်းနှင့် တော်တော်နှံ၊ အခုခတ်နေတာ ပုဆိုး မဟုတ်ဘူး ဘုရား၊ တင်းတိမ်... တင်းတိမ်"

ကိုရင် ဥတ္တရကား ဤသို့ မကြားပေ။

"ကွမ်းရွက် လေးငါးရွက်များ တောင်းနေရသေးသလား ကိုရင်ရယ်။ ရေအိုးစင်အောက်မှာ ကြိုက်သလောက် ယူသွား"

ကိုရင်သည် ကျေနပ်စွာဖြင့် ရက်ကန်းစင်ဘေးမှ ခွာသည်။ အိမ်တံခါးဝဘေးရှိ ရေအိုးစင်အောက်တွင် အထုပ်လိုက်ချထားသော ကွမ်းထုပ်ထဲမှ ဆယ်ရွက်ခန့် နှိုက်ယူသွားလေ၏။

ရက်ကန်းခတ်နေသော ဆယ်ကျော်သက်ရွယ် အပျိုချောသည် လည်ဆန့်ကာ မျှော်ကြည့်၏။ ကွမ်းထုပ်ကို ကိုရင်ဖြေပြီး ယူသွားသည်ကို မြင်၏။ "ကိုရင် မပြောမဆိုနဲ့" ဟု လှမ်းအော်သေး၏။

ကိုရင် ဥတ္တရ မကြားပါ။ ကြားလျှင်လည်း "အကုန်လုံး ယူသွားရောပေါ့" ဟု ကြားကောင်း ကြားနေဦးမည်။

လုံမလေး မကျေနပ်ပါ။

နူတ်ခမ်းစူကာ ထဘီစွန်တောင်ဆွဲကာ ခြေဆောင့်ကာဖြင့် နွားတင်းကုပ်ဘေးရှိ မိခင်ထံသို့ လာသည်။ မိခင်သည် သမီးအတွက် ရက်ဖောက်ယောက်နေသည်။ "ညောင်းသွားပြီလား သမီး" ဟု ပြုံးရွှင်စွာ မေးသည်။

အပျိုချောကမူ "မျက်နှာမကောင်းပါလား သမီး" ဟု ကြားသဖြင့် ဒေါနှင့်မောနှင့် တိုင်တမ်း၏။

"အမေ... အမေ၊ ကိုရင် ဥတ္တရရယ်၊ မပြောမဆိုနှင့် အိမ်ထဲဝင်ပြီး ကွမ်းရွက်တွေ ပိုင်စိုးပိုင်နင်းနှင့် ယူသွားသတော့"

အမေမှာလည်း သမီးနှယ် နားလေးသော ရွှေနားဖြစ်ရာ "အမေ... အမေ၊ သမီးယောကျ်ား ယူချင်ပြီ" ဟု ကြားလေ၏။

mgyoe.com

mgyoe.com


အမေသည် မျက်လုံးမျက်ဆံပြူးလျက် ရင်ကိုမသည်။

"အမယ်လေး...အခုမှ အသက်ဆယ့်ခြောက်နှစ် ရှိပါသေးကလား သမီးရယ်။ နို့အပ်စော်မှ မပျောက်သေးပါကလား"

သမီးချော ကျေနပ်သွား၏။

"သည် ကိုရင်တော့လား၊ ကြိမ်လုံးကြီးကြီးနဲ့ အရိုက်ခံရအောင် ဘုန်းကြီး သွားလျှောက်မယ်၊ နေနှင့်ဦးပေါ့"ဟူ၍ ကြားသောကြောင့် ဖြစ်၏။ သို့လျှင် ကြားလိုရာ ကြားကာ ကျေနပ်စွာဖြင့် ရက်ကန်းစင်သို့ ပြန်သွား၏။

အမေသည် သမီး၏ကျောပြင်ကို လှမ်းကြည့်၏။ "မြေစာပင် ပုခက်လွဲတာ သည်ခေတ် ထင်ပါရဲ့" မြည်တမ်းရင်း ထရပ်သည်။ သမီးချောလည်း ရက်ကန်းဆက်ပြီး ခတ်နေပြီ။ သို့သော် အမေ စိတ်မအေးနိုင်။ မီးကို မလောင်ခင်တားမှဟု သဘောရသဖြင့် လင်ကို ကြိုတင်အသိပေးထားရန် အကြံရသည်။

လင်မှာလည်း ဇနီးနှင့် သမီးနည်းတူ အကြားအာရုံ ကသိသူ ဖြစ်သည်။ မလှမ်းမကမ်းရှိ သစ်ပင်ရိပ်တွင် ဝါးတွေကို ခွဲစိတ်ချောဖြာ လျက် တောင်းပလုံး ရက်နေပေသည်။

"တော့်... သမီးကို နေရာချထားပေးဖို့ သင့်မယ်ထင်တဲ့ လူများ တော်မျက်စိကျထားတာ မရှိဘူးလား အဖေကြီး"

လင့်ရှေ့တွင် ထိုင်ပြီး စိုးရိမ်သံနှောလျက် မေးသည်တွင် သွားမည်း ကြီးတွေပေါ်အောင် ရယ်မောလျက် ပြန်ပြောလိုက်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။


"မိုက်ပါ့ ရှင်မရာ၊ လေးထောင့်ပုံ ဖင်တည်တာချင်း တူပေမယ့် အခု ရက်နေတာက တင်းတောင်းကွ၊ စိုက်တောင်း မဟုတ်ဘူး"

❐

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


# ဟာသမင်းသား ဦးထော်ခဲ

## ဗိုက်ထဲပြေးဝင်သော အိပ်မက်

ဟာသမင်းသား ဦးထော်ခဲသည် ရယ်စရာ၊ ရွှင်စရာများကို လုပ်လေ့ရှိ၏။ ဘုရင့်အမှုထမ်း ဖြစ်၏။ အချို့အချက်အလက်များမှာ ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်ခဲ့ဟန်တူသော ဦးပေါ်ဦး၊ ခုံတော်မောင်ကျဖမ်းတို့နှင့် ဆင်တူ၏။ သို့ရာတွင် ဦးထော်ခဲမှာ ဦးပေါ်ဦးထက် နှစ်ပေါင်း ရာချီ၍ စောစီးစွာ ပေါ်ပေါက်ခဲ့သည်။

ဟာသမင်းသား ဦးထော်ခဲ အသုံးတော် ခံပုံများကို ရှုစားကြပါဘိ။

ရှေးလွန်လေပြီးသောအခါက အယုဒ္ဓယပြည်နှင့် ဆက်စပ်လျက်ရှိသော ဂန္ဓောဝါသ အမည်ရှိသည့် မွန်နေပြည်တော်တွင် မွန်မင်းတစ်ပါး ထီးဖြူအုပ်ချုပ် မင်းလုပ်တော်မူ၏။ ဘုရင်မင်းမြတ်၏ အမည်တော်မှာ သီရိဂန္ဓော ဟူပေ၏။

ထို သီရိဂန္ဓော ဘုရင်မင်းတရားကြီး၏ မိဖုရားခေါင်ကြီး လောကဒေဝီမှာ အလွန်လှပတင့်တယ်၍ ကျက်သရေအပေါင်း ခညောင်း၏။ မောင်းမမိဿံ ခြွေရံသင်းပင်းလည်း လွန်စွာ များပြားလှပေ၏။

mgyoe.com

mgyoe.com


မင်းနေပြည်တော်ကြီး၏ ကြီးမားခမ်းနားသော တံတိုင်း လေးဖက်တွင် တံခါးကိုးပေါက် ရှိသည်။ ထူးခြားဆန်းကျယ် တင့်တယ်သာယာသော ဥယျာဉ်ကြီးများနှင့်အတူ မင်းလမ်းမကြီး တစ်ဆယ့်နှစ်ရပ်လည်း ရှိသည်။

ကြက်ပျံမကျ စည်ကားလှသော ရွှေမြို့တော်ကြီး၏ ရွှေနန်းတော်ကို ရတနာကိုးမျိုးဖြင့် စီခြယ်ထားရာ နတ်ပြည်လားဟု အထင်မှားလောက်၏။ မြို့လေးထောင့်တွင် စစ်အင်္ဂါလေးပါးကို အမြဲ ခင်းကျင်းထားကာ အောင်ပွဲရ စစ်မှူးကြီးများက ကွပ်ကဲ စောင့်ကြပ်လျက် မိန့်တော်သံကို နားစွင့်နေကြရ၏။ ထိုကဲ့သို့သော နိုင်ငံမျိုးကို မည်ကဲ့သို့သော ရန်သူများမျှ မလုပ်ကြံနိုင်ရကား သူဌေးသူကြွယ် ကုန်သည်လယ်လုပ်တို့ ရောင်းဝယ်ဖောက်ကား သွားလာ ဝင်ထွက်နေကြသဖြင့် အလွန်သာယာ အေးချမ်း၍ စည်ကားလှပေ၏။

ဤဂန္ဓာဝါသ နေပြည်တော်ကြီး၏ တစ်ခုသောအရပ်တွင် ဂုဏ်သတင်းပျံ့ရှင်းသော သူကြွယ်လင်မယား နေထိုင်လျက် ရှိကြ၏။ လင်ကား ထောနိ မယားမူ နန္ဒိဒေဝီ အမည်ရှိပေ၏။

ထိုသူကြွယ် လင်မယားတွင် များစွာသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာ၊ ဥယျာဉ်၊ တိုက်တာ၊ အိမ်ခြေ၊ ရွှေငွေ၊ ကျေးကျွန်၊ လှေ၊ သင်္ဘောများရှိသည့်အနက် ဥယျာဉ်တစ်ခုမှာ ထူးခြား ဆန်းကြယ်လှပေ၏။ ထိုဥယျာဉ်တွင် သစ်သီး ပန်းမန်များ ရာသီ မပြတ်သီးကြ၊ ဖူးပွင့်ကြသဖြင့် နှစ်သက်စရာ ကောင်း၏။ ပျော်စရာကောင်း၏။

ထူးခြားဆန်းကြယ်သော အရာမှာ ထိုဥယျာဉ်ထဲ၌ ပွင့်လန်းနေသော ပန်းများဖြစ်ပေ၏။ သည်ပန်းများကို ခူးပြီး နားတွင် ပန်မိသော လူပျိုသည် ကချင်၊ ခုန်ချင်၊ တေးချင်း ဆိုချင်လာ၏။ အပျိုကလေးက ပန်းများကို ခူးယူပန်ဆင်မိပါက လူပျိုများကို မကြည့်ရ မနေနိုင်ဖြစ်လာတော့၏။

mgyoe.com

mgyoe.com



အဘိုးကြီး အဘွားကြီးများလည်း သည်ဥယျာဉ်ထဲက ပန်းများကို ရှူရှိုက်မိသည့် ခဏ ချက်ချင်း နုပျိုလာလေ၏။

မုဆိုးဖို မုဆိုးမများမှာသော် တစ်မျိုးဖြစ်၏။

ဥယျာဉ်ထဲက ပန်းတစ်ပွင့်ပွင့်ကို ခူးဆွတ်ပန်ဆင်မိသော မုဆိုးမ သည် မုဆိုးဖိုအား သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ နှုတ်ဆက်မိတော့ သည်။ မုဆိုးဖိုမှာလည်း ပန်းမခူးမိက သိက္ခာရှိသည်။ ပန်းခူးမိလျှင် မုဆိုးမကို ပြုံးပြမိချေတော့သည်။

ထိုကဲ့သို့ ထူးဆန်းသော ဥယျာဉ်ကြီးကို ပြုစုပျိုးထောင်ထားမိ သဖြင့် ဦးထောနိနှင့် ဒေါ်နန္ဒိဒေဝီတို့မှာ နေပြည်တော်တွင် ဂုဏ်သတင်း ကြီး၏။ ချစ်ခင်လေးစားသူ ပေါများလှပေ၏။

တစ်ခုသောနေ့တွင် နန္ဒိဒေဝီသည် အခြွေအရံများနှင့်အတူ ထူးဆန်းသော ဥယျာဉ်ကို လှည့်လည်ကြည့်ရှု၏။ သူလည်း ပျော်ရွှင် ကြည်နူးခြင်း ဖြစ်ရ၏။ သူသည် အိမ်သို့ပြန်ရောက်လျှင် ညောင်စောင်း ပေါ်၌ လဲလျောင်းရင်း အမောဖြေနေ၏။

အမောပြေစ အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေချိန်တွင် အိမ်ရှေ့သို့ ဆင်တစ်စီး ရောက်လာသည်။ ဆင်ပေါ်တွင် ဖိုးသူတော်တစ်ဦး ပါလာ သည်။

နန္ဒိဒေဝီသည် အိပ်ချင်မူးတူးဖြင့် ကပျာကသီ ထသည်။ ဖိုးသူတော် အား ပြည့်ရှင်မင်းအထင်ဖြင့် အိမ်ပေါ်မှ ဆင်းသွားကာ ရှိခိုးကြိုဆိုသည်။ အနားရောက်မှ ပြည့်ရှင်မင်း မဟုတ်ပါတကားဟု သိသည်။

သို့သော် အချည်းနှီး မဖြစ်ပါ။ ဖိုးသူတော်က ခါးကြားမှ ပစ္စည်း တစ်ခုကို ထုတ်ယူ၏။ အရောင်ခုနစ်မျိုး တလက်လက် ထွက်နေသည်။ သူကြွယ်မယားမှာ အံ့သြလွန်းသဖြင့် ငေးကြည့်နေစဉ် ဖိုးသူတော်က ထိုအရာကို ကမ်းပေးသည်။

mgyoe.com

mgyoe.com


ဖိုးသူတော် ကမ်းပေးသော အရောင်ခုနစ်မျိုး ထွက်နေသည့်အရာမှာ ပတ္တမြားပါတကား။

နန္ဒိဒေဝီသည် ပတ္တမြားကို ကြည့်နေမိရာက ဖိုးသူတော်ကို မော့ကြည့်မိသည်။ ဖိုးသူတော်ရော ဆင်ကြီးပါ မရှိတော့ပါ။ "ဟင်... ဘယ်ရောက်သွားကြပါလိမ့်" ဟု ရေရွတ်နေဆဲ၌ လက်ထဲက ပတ္တမြားကြီး ခုန်ထွက်သည်။ နန္ဒိဒေဝီ ကမန်းကတန်း လှမ်းဖမ်းသည်။ မမိ။ ပတ္တမြားက သူကြွယ်မယား၏ ဝမ်းဗိုက်ထဲသို့ ဖောက်ထွင်းဝင်ရောက်သွားခဲ့လေပြီ။

"အမယ်လေး... ပတ္တမြားကြီး"

နန္ဒိဒေဝီ ထိတ်လန့်တကြား အော်သည်။

အော်လည်း အော်၊ သတိလည်း ရသောကြောင့် ကြည့်လိုက်သောအခါ အိမ်ရှေ့တွင်မဟုတ်။ ညောင်စောင်းပေါ်တွင် ထိုင်နေလျက်ဟု သိသည်။ သြော်... အိပ်မက်ပါတကားဟု နန္ဒိဒေဝီ ချက်ချင်း နားလည်သွားလေ၏။ ထူးလည်းထူးသော အိပ်မက်။ နေ့ခင်းကြောင်တောင်ကြီး၌လည်း မြင်မက်၏။ မည်သို့သော အကြောင်းကိစ္စအတွက် ဖြစ်ပေါ်သော အတိတ်နိမိတ်ပေနည်း။

## မိုးကြိုးပစ်အောင်ကောင်းသည့် လက္ခဏာ

နန္ဒိဒေဝီသည် အတိတ်ကောင်း နိမိတ်ကောင်းသာ ဖြစ်ရမည်ယုံကြည်လျက် ရွှင်ပျနေလေသည်။ သူကြွယ်ကြီး ထောနိသည် အပြင်မှ ပြန်လာလျှင် ရွှင်ပျနေသော မယားအား မြင်ရသဖြင့် အကြောင်းကို မေးသည်။

"အရှင် သူကြွယ်မင်း၊ ထူးဆန်းတဲ့ အိပ်မက်ကို မက်တဲ့အတွက် ဘုန်းရှိတဲ့ သားသမီးရတနာများ ရနေပြီလား မသိဘူး"

mgyoe.com

mgyoe.com


"ခရီးရောက်မဆိုက် မင်္ဂလာသတင်းပါကလား"

သူကြွယ်သည် အမောမပြေနိုင်သေးဘဲ အိပ်မက်ကို မေး၏။ နန္ဒိဒေဝီလည်း ဥယျာဉ်ထဲသို့ သွားရောက်လည်ပတ်ပုံမှ စတင်ကာ အိပ်မက်မှ လန့်နိုးသည်အထိ စီကာပတ်ကုံး ပြောလေ၏။

"ဖြစ်နိုင်တယ်၊ သားကောင်းရတနာ ရပြီထင်တာပဲ"

ထောနိမှာ ကမတတ်၊ ခုန်မတတ် ဝမ်းသာနေ၏။ ထို့နောက် အစေတစ်ယောက်အား မင်းဆရာပုဏ္ဏားကြီးကို ပင့်ဆောင်ခဲ့ရန် စေခိုင်းလိုက်လေ၏။

သူကြွယ်၏ အစေရောက်သွားချိန်တွင် ပုဏ္ဏားကြီးမရှိ။ သို့ရာတွင် သူကြွယ်ကြီးထောနိက အပင့်ခိုင်းသည်ဆိုသောကြောင့် ပုဏ္ဏေးမ လိုက်လာသည်။

မည်သူလာသည်ဖြစ်စေ နန္ဒိဒေဝီ ဝမ်းသာသည်။ အားကိုးတကြီးဖြင့် အိပ်မက်ကို ပြောပြရာ ပုဏ္ဏေးမက တွက်ချက်ကြည့်ပြီး နိမိတ်ဖတ်၏။

"အရှင်မမှာ သားယောကျ်ားကလေး ပဋိသန္ဓေနေပြီ"

"သူကြွယ်မင်းရေ... သားတဲ့... ရှင်... သားတဲ့"

နန္ဒိဒေဝီသည် ဝမ်းသာအားရ အော်ပြောမိ၏။

"ဆယ်လမြောက်မှာ ကောင်းမွန်စွာ ဖွားမြင်ပါလိမ့်မယ် အရှင်မ"

ယောကျ်ားဖောင်စီး မိန်းမမီးနေတို့သည် အသက်အန္တရာယ်ကြီးမားလှသည်။ ကောင်းမွန်စွာ ဖွားမြင်လိမ့်မည် နိမိတ်ဖတ်ခြင်းမှာလည်း မင်္ဂလာ ဖြစ်ပေတော့သည်။

"ထိုသားငယ်သည် လွန်စွာ ပညာရှိအံ့"

"သူကြွယ်မင်းရေ... သားကလေးက ပညာရှိဖြစ်မှာတဲ့ ရှင့်"

သူကြွယ်မှာ လုပ်လက်စအလုပ်ကို ပစ်ထားခဲ့ပြီး ပုဏ္ဏေးမထံလာရောက် နားထောင်နေလေတော့သည်။

mgyoe.com

mgyoe.com


"ထိုသားငယ်သည် စကားသွက်အံ့၊ သူတစ်ပါးအား ပေးကမ်းကူညီမစမှုပြုလတ္တံ့"

"သူကြွယ်မင်း... ကြားလား... ကြားလား"

နန္ဒိဒေဝီမှာ အလွန်ဝမ်းသာနေရှာ၏။

"သို့သော် ရိုက်နှက်လတ္တံ့၊ ကုန်းတိုက်တတ်လတ္တံ့၊ မောအောင်ခိုင်းစေတတ်လတ္တံ့၊ လိမ်လှည်လှည့်ဖြားတတ်လတ္တံ့"

ဤဟောချက်တွင်ကား အကောင်းတစ်ခုမျှ မပါသော်လည်း သူကြွယ့်မယား ဝမ်းသာနေသည်။

"တတ်လိုက်တာ... တတ်လိုက်တာ၊ သားလေးတတ်ပုံတွေ သူကြွယ်မင်း ကြားတယ်နော်"

"အေးကွ၊ တော်တော်ရှုပ်မယ့် သားကလေးပဲ"

"အရှင်မမှ မွေးဖွားလတ္တံ့သော ထိုသားငယ်သည် ညီညွတ်ခြင်းကို ခွဲအံ့၊ ဘုရင့်သုခမိန်ဖြစ်အံ့"

သူငယ်အတွက် ဟောခဲ့သော မကောင်းငါးချက်မှာ နောက်ဆုံးအချက်အောက်တွင် ပျောက်ပျက်သွားလေသည်။

ထောနိရော နန္ဒိဒေဝီကပါ ပုဏ္ဏားမအား အဝတ်အထည် ကျွဲနွား ရွှေငွေတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ ပူဇော်လိုက်ကြလေ၏။

သူကြွယ်လင်မယားမှာ မွေးဖွားလာမည့် သားငယ်အား ပျော်ရွှင်ဝမ်းမြောက်စွာ စောင့်မျှော်နေခဲ့ကြရာ ကိုးလလွန်မြောက် ဆယ်လအရောက်တွင် ရုပ်ရည်လှပ ချောမောရှုံသာမက လှပထွားကျိုင်းသော သားယောကျ်ားကလေးကို ပုဏ္ဏားမ ဟောပြောခဲ့သည့်အတိုင်း ကောင်းမွန်စွာ ဖွားမြင်လေ၏။

သူကြွယ် ထောနိသည် ကျေးကျွန်များကို အဝတ်အစားများ ရက်ရောစွာ ပေးကမ်းသည်။ အလှူလုပ်သည်။ သံဃာတော်များအား

mgyoe.com

mgyoe.com


ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေးကာ တရားနာသည်။ ထိုသို့ ကောင်းမှုကုသိုလ်များ ပြုလုပ်၍ ခေါင်းဆေးမင်္ဂလာပြုအပြီးတွင် ပုဏ္ဏားတော်ကြီးအား ပင့်ဖိတ်သည်။ သားငယ်အား "နာမကရဏ" ပြုပေးပါရန် တောင်းပန်သည်။

ပုဏ္ဏားသည် ကလေး၏ ခြေခဏာ လက္ခဏာများကို ကြည့်ရှုစစ်ဆေးအပြီး၌ ဝမ်းပန်းတသာ ပြောသည်။

"လွန်ခဲ့တဲ့ ဆယ်လလောက်တုန်းက အိမ်မှာ ကျွန်ုပ်မရှိတဲ့ အခိုက်လက္ခဏာဖတ်ဖို့ လာပင့်သွားသူများဟာ သူကြွယ်ကြီးတို့ ဖြစ်မယ်ထင်တယ်"

"မှန်ပါတယ် ပုဏ္ဏားကြီး"

"ကျွန်ုပ် မှတ်မိပြီ၊ ဆင်စီးပြီးလာတဲ့ ဦးသူတော်တစ်ပါးက အရောင်ခုနစ်မျိုးထွက်တဲ့ပတ္တမြားကို ပေးသွားတာ။ ပတ္တမြားက ဗိုက်ထဲဝင်သွားတယ်ဆိုတာ"

"အလွန် မှန်ပါတယ် မင်းဆရာ"

သူကြွယ်က အားပါးတရဖြေသည်။ ပုဏ္ဏား ခေါင်းတညိတ်ညိတ်စဉ်းစားနေပြီးမှ "ပုဏ္ဏေးမ ကံကောင်းလို့ မသေတာကလား" ဟုဆိုရာ သူကြွယ်လင်မယားလည်း "ဘာဖြစ်လို့တုံး" ဟု ပျာပျာသလဲ မေးမိကြလေ၏။

"ကျွန်ုပ် အိမ်ပြန်အရောက်မှာ ပုဏ္ဏေးမက ဆီးကြိုပြီး ထောနိနန္ဒိဒေဝီတို့အိမ်က လာပင့်ကြောင်း၊ သူ လိုက်သွားပြီး နိမိတ်ဖတ်ခဲ့ရကြောင်း ဝမ်းပန်းတသာ ပြောတယ်။ ဘယ်လိုအတိတ်ကို ဘယ်လိုနိမိတ်ဖတ်ခဲ့သတုံးလို့ ကျွန်ုပ် စစ်ဆေးတဲ့အခါ ပုဏ္ဏေးမ ဖတ်ခဲ့တဲ့ နိမိတ်တွေဟာ နိမ့်နေတယ်။ အဲဒါကြောင့် ဆံပင်ကိုဖမ်းဆွဲ၊ ဓားနှင့် လှီးပြီး အိမ်ရှေ့မြေတလင်းကို ပစ်လိုက်ရတာကလား"

mgyoe.com

mgyoe.com


"ရက်စက်လှချည်လား ပုဏ္ဏားကြီးရယ်"

မိန်းမချင်း ကိုယ်ချင်းစာသော နန္ဒိဒေဝီ၏ ကရုဏာစကား။

"ရက်စက်တာ မဟုတ်ဘူး အရှင်မ၊ သနားလို့... သနားလို့"

"အလို... ဘယ်လိုကြောင့်ပါလိမ့်"

သည်စကားသည် သူကြွယ်လင်မယား၏နှုတ်ဖျားမှမထွက်။ မျက်လုံးလေးလုံးတွင် ပေါ်လာသည်။

"စကြဝတေးမင်းဖြစ်မယ့်လက္ခဏာကို ရှာစားဖြစ်လိမ့်မယ် ဟောရင် ဘေးဆိုးဒဏ်ဆိုးသင့်ပြီး သေသလို ကျွန်ုပ်ဇနီးသေမှာစိုးလို့ လုပ်လိုက်ရတာ။ သူ့ဆံပင်ကိုလည်း မြေကြီးပေါ် ပစ်လိုက်ရော ဒိုင်းခနဲ မိုးကြိုးပစ်ပြီး မီးလောင်သွားတယ်"

သူကြွယ်လင်မယားမှာ အံ့သြဝမ်းသာစွာဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်နေမိကြလေ၏။

"ယခု သူကြွယ်မင်းတို့၏သားမှာ ဤမျှကောင်းသော လက္ခဏာ ရှင်ဖြစ်သဖြင့် ထော်ခဲလို့အမည်ပေးလိုက်တယ်။ ရေခြား မြေခြား တိုင်းတစ်ပါးကိုပါ ချောက်ချားနိုင်တဲ့ပညာရှိဖြစ်မယ်။ ပညာရှိတို့ထက် သာလွန်တဲ့ ကဝိအမွန် ပညာချွန်ဖြစ်မယ်"

"ဒါမှ အဖေ့သား၊ ထော်ခဲဆိုတဲ့သား"

ထောနိမှာ ဝမ်းသာလွန်းသဖြင့် ထခုန်လေ၏။ နန္ဒိဒေဝီ မှာလည်း သားကလေး ထော်ခဲကို ကြင်နာ မြတ်နိုးစွာ အထပ်ထပ် နမ်းနေပေ၏။

## မြဟ္မာ့ဘုံသို့ ပျံတက်ခြင်း

ထောနိမှာ သားကလေး ထော်ခဲကို မြန်မြန်ကြီးပြင်းစေချင်လှပြီ။ ပညာရှိတို့ ခစားပူဇော်ရသော ကဝိသူမွန်အဖြစ် ကြိုတင်မြင်ယောင်ကာ တပြုံးပြုံးဖြစ်နေသည်။ သို့တစေ ထောနိမှာ သူ့သား ထော်ခဲ ကျောင်း

mgyoe.com

mgyoe.com


ထားရချိန်အထိပင် မနေရ။ သားကလေး သုံးနှစ်သားအရွယ်တွင် အနိစ္စ ရောက်ရှာသည်။

လင်မရှိတော့သောအခါ နန္ဒိဒေဝီမှာ သားကို ရှေးကထက် တိုးပြီး ချစ်သည်။ တိုးပြီး အလိုလိုက်သည်။ ထော်ခဲမှာ အလိုလိုက်လွန်းအား ကြီးသဖြင့် ရွံ့စရာကောင်းအောင် ဆိုးသွမ်းလှသည်။ ဆိုးသွမ်းစေကာမူ ထော်ခဲမှာ စာပေပညာ သင်ယူရန်မှု စိတ်အားထက်သန်ပေသည်။

သူသည် စာသင်ရငကောင်းမှန်း သိသည့်အချိန်မှ စတင်ပြီး "ကျောင်းထားပါ အမေ" ဟု မကြာခဏ ပူဆာသည်။ အမေမှာ လင်ထား ခဲ့သော ဥစ္စာပစ္စည်းတွေ တတိတိကုန်ခန်းလာစေကာမူ သားကို ကျောင်း မထားရက်။

မျက်စိကွယ်ရာ၊ နားကွယ်ရာတွင် သူတစ်ပါး အနိုင်ကျင့်မည်ကို စိုးရိမ်သည်။ ဘုန်းကြီးရိုက်မည်ကို ပူပန်သည်။ သို့အတွက် ကျောင်း မထား။

ဆယ်နှစ်သားသို့ ထော်ခဲ ရောက်လာပြီ။

"ကျောင်းမထားရင် ထမင်းမစားတော့ဘူး အမေရေ့"

အမေမှာ သား နွဲ့ဆိုးဆိုးသည်ကိုလည်း သည်းမခံနိုင်ရကား ဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ပစ္စည်းများ အတီးအမှုတ် အကအခုန်များဖြင့် ထော်ခဲကို ပို့အပ်ရလေတော့၏။

ဘုန်းတော်ကြီးမှာ ထော်ခဲအား သနားချစ်ခင်သည်။ စာကို ဂရုတစိုက် ကြပ်မတ်သင်ပေးရုံမက အထူးယုံကြည်စိတ်ချ၍ အထူးအလို လိုက်သည်။

ထော်ခဲမှာ ခြောက်နှစ်လုံးလုံး အထစ်အငေါ့မရှိ ပညာသင်ကြား ခဲ့ရ၏။ ပညာလည်း တတ်၏။ ပျော်လည်း ပျော်ရွှင်၏။

သူ ဆယ့်ခြောက်သားအရွယ်တွင် ကျောင်းသို့ ဖိုးသူတော်တစ်ပါး

mgyoe.com

mgyoe.com


ရောက်လာ၏။ ရောက်လာပြီး မကြာမီပင် ထော်ခဲနှင့် မသင့်မြတ်ကြတော့ချေ။ ဖိုးသူတော်သည် ထော်ခဲ စာပေတတ်မြောက်သည်ကို မနာလို။ ဆရာတော် အေးချမ်းစွာ စာပေမပို့ချနိုင်အောင် နှောင့်ယှက်၍ တစ်နည်း၊ ထော်ခဲ စာပေသင်ယူ၍ မဖြောင့်အောင် ဖြားယောင်းသွေးဆောင်၍ တစ်လမ်းဖြင့် ဒုက္ခပေးလေ၏။

ဖိုးသူတော်မှာ ပါးနပ်လိမ္မာသဖြင့် သူ့အကြံအစည်ကို ထော်ခဲ ရုတ်တရက်မသိ။ လအတန်ကြာမှ ရိပ်မိသည်။ တဖြည်းဖြည်း မကျေနပ်စိတ်များ ပေါ်ပေါက်လာတော့သည်။ သို့ရာတွင် ဖိုးသူတော်ကား သူ့အား ထော်ခဲ မကျေမချမ်းဖြစ်နေသည်ကို မသိချေ။

သို့ကြောင့် တစ်နေ့သော နံနက်တွင် ဝမ်းသာအားရ ပြော၏။

"ဟေ့ကောင်... ထော်ခဲ၊ ငါ ညတုန်းက အိပ်မက်ကောင်းတစ်ခု မက်သကွ"

"ဟုတ်လား ဦးသူတော်၊ ဘယ်လိုများပါလိမ့်"

ထော်ခဲကလည်း မကျေနပ်စိတ်ကို မျိုသိပ်လျက် အလိုက်သင့် မေး၏။

"ငါမိုးပေါ်ကို ပျံတက်သွားလိုက်တာ ဗြဟ္မာပြည်တောင် ရောက်သွားတယ်လို့ အိပ်မက်မက်တယ်ကွ"

"ကောင်းတာပေါ့၊ ဘာတွေမြင်ခဲ့ရတုံး"

"ဗိရဏီနတ်သမီးနှင့် တွေ့ခဲ့တာ ခုထက်ထိ မျက်စိထဲက မထွက်ဘူးကွာ၊ လှလိုက်တာလည်း ရက်ရက်စက်စက်ပဲ"

"ဟုတ်တယ်၊ နေမိမင်းဇာတ်တော်မှာ ဗိရဏီနတ်သမီး အလွန်လှတာပဲ"

"ဒါပေမဲ့ကွာ အိပ်မက်ထဲမှာသာ ပျံတက်နိုင်ပြီး တကယ်ပျံနိုင်တာ မဟုတ်တော့ မနေတတ် မထိုင်တတ်ကြီး ဖြစ်နေသကွာ။ ဗိရဏီနတ်သမီး

mgyoe.com

mgyoe.com


ဆီ တကယ်သွားနိုင်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့"

ထိုခဏတွင် ထော်ခဲ၏စိတ်ထဲသို့ စိတ်ကူးတစ်ခု ဝင်ရောက်လာသဖြင့် သူသည် ဝမ်းသာအားရ ပြောလိုက်၏။

"ဦးသူတော်ရေ... အိပ်မက်ထဲကလို ပျံနိုင်ဖို့ဆိုတာ သမထ အားထုတ်လို့ ရျာန်ရမှ ကောင်းကင်ကို ပျံနိုင်မှာ"

"ဒါတော့ မင်း ပြောမှလားကွ"

"အဲသည်တော့ တရားတွေ ဘာတွေ အားမထုတ်ဘဲ ကောင်းကင်ဘုံကို ပျံနိုင်တဲ့နည်း တစ်နည်းတော့ ကျုပ်မှာ ရှိသဗျ"

ဖိုးသူတော် ဝမ်းသာအားရဖြစ်သွားကာ ထော်ခဲ၏လက်ကို ကိုင်လှုပ်၏။

"ပြောစမ်းကွာ၊ ဘယ်လိုလုပ်ရမတုံး"

"ဦးသူတော် ခဏစောင့်၊ ရွာထဲသွားပြီး မိုးပေါ်ပျံနိုင်တဲ့ ပစ္စည်းကိရိယာတွေ သွားယူလိုက်ဦးမယ်"

ထော်ခဲသည် ရွာထဲသို့ အပြေးသွားသည်။ ကျောင်းဒါယကာအိမ်မှ ဗန်းနှစ်ချပ်ငှားပြီး အပြေးပြန်လာသည်။ ဗန်းဆိုသည်မှာ ဆန်ကောဆန်ခါတို့ထက် သုံးဆမျှ ကြီးမားကျယ်ပြန့်၍ ဝါးဖြင့် ရက်လုပ်ထားသော မောင်းထောင်းဆန်ဖွပ်သုံး ကိရိယာဖြစ်၏။

ဖိုးသူတော်သည် ထော်ခဲထားခဲ့သည့် နေရာတွင်ထိုင်လျက်လည်တရှည်ရှည်ဖြင့် မျှော်စောင့်နေ၏။

"ကဲ... ဦးသူတော်၊ ဗန်းကြီးနှစ်ချပ်ကို ကျောဘက်မှာ နှုတ်ခမ်းချင်းကပ်ပြီး လက်မောင်းနှစ်ဖက်မှာ ခိုင်ခိုင်ချည်ဗျာ၊ လက်မောင်းနှစ်ဖက်ကို မြင့်လိုက် နိမ့်လိုက်လုပ်ရင် ဖြဟွာဘုံအထိ ပျံတက်နိုင်ပြီ"

"ဟာ... ဟုတ်ကောင်၊ ခွေးကလေး"

ဦးသူတော်သည် ထော်ခဲအား မသင်္ကာစိတ်ဝင်လာသည်။

mgyoe.com

mgyoe.com


မိမိ၏မကောင်းသောစိတ်ကို သတိရလာသည်။ "သူ့အပေါ်မှာ ငါ မကောင်းကြံခဲ့လို့ လက်စားချေတာများလား" သံသယဝင်လာသည်။

"မင်း... မင်း... ငါ့ကို သေအောင် ကြံတာ မဟုတ်လား"

"ဟောဗျာ... စေတနာကို ဝေဒနာမထင်ပါနှင့် ဦးသူတော်ရာ၊ မယုံရင် ဦးသူတော် ငှက်တွေကို ကြည့်၊ ငှက်ဟာ သစ်ပင်ပေါ်က ဘယ်တုန်းကများ အတောင်ခတ်ပြီး ပျံသတုံး၊ အမြင့်ကနေပြီး အနိမ့်ကို ထိုးဆင်းပြီးမှ အတောင်ကို ခတ်ခတ်ပြီး ဝဲဝဲတက်သွားတာ မဟုတ်လား"

ဖိုးသူတော် နားဝင်ဟန် သဘောပေါက်ဟန်ဖြင့် စဉ်းစားနေ၏။

ထော်ခဲကလည်း အားမလျှော့ချေ။

"ဦးသူတော် ကြည့်လေ၊ မြေကြီးပေါ်က ထပျံတဲ့ငှက်ဆိုရင် အတောင်ကို အားစိုက်ပြီးခတ်မှ ပျံတက်နိုင်တယ်လေ"

"အေး... ဟုတ်သကွ၊ ဟုတ်တယ်"

"အဲဒါကြောင့် ဦးသူတော်လည်း ထန်းပင်ပေါ်တက်ပြီး အတောင်ဖြန့် ထိုးချရင် လေဟုန်စီးပြီးသား ဖြစ်သွားမယ်။ ခေါင်းကလေးမော့၊ ခါးကလေးကော့လိုက်ပြီလား ဆိုမှဖြင့် မိုးပေါ်ကို ထောင်တက်သွားမှာ သေချာတယ်"

ဖိုးသူတော် သဘောပေါက်သည်။ ကျေနပ်နှစ်ခြိုက်သည်။

"မင်းဟာ ပညာရှိပဲကွ၊ ယုတ္တိယုတ္တာကျကျ ရှင်းပြတတ်ပါပေတယ်။ ကဲ... မင်းယူလာခဲ့တဲ့ ဗန်းကြီးနှစ်ချပ် ချည်ပေးပေတော့"

ထော်ခဲသည် ဗန်းကြီးနှစ်ချပ်ကို နူတ်ခမ်းချင်းဆက်ကာ ဖိုးသူတော်၏ကုပ်ပေါ်တွင် ချည်ပေးသည်။ လက်မောင်းနှစ်ဖက်နှင့်လည်း ပူးတွဲကာ ကြိမ်များဖြင့် ချည်နှောင်ပေးပြန်သည်။ ခိုင် မခိုင် လှုပ်ကြည့် ယမ်းကြည့်ပြီး "ဗြဟ္မာ့ဘုံကိုတော့ ကောင်းကောင်းရောက်ပါပြီဗျာ" ဆိုသည်။

mgyoe.com

mgyoe.com


ဖိုးသူတော်လည်း ရင်းထောင် ထောင်ထားသော ထန်းပင် ခြေရင်းသို့သွားကာ တုန်ချည့်တုန်ချည့်ဖြင့် တက်သွားလေ၏။ ဘူး လည်သီးအရင်းသို့ရောက်သောအခါ ဆက်တက်၍ မရတော့ပေ။

"ဦးသူတော် ရပြီ... ရပြီ၊ အမော ဖြေလိုက်ဦး။ အမောပြေတော့မှ အတောင်နှစ်ဖက် ဖြန့်ပြီး ခုန်ချလိုက်"

ထော်ခဲ၏စကားကို အဟုတ်မှတ်မိသော ဖိုးသူတော်သည် ဗန်းကြီးနှစ်ချပ် ကားလျက် ခုန်ချသည်။

လေဟုန်စီးလျက် ခေါင်းကလေးမော့၊ ခါးကလေးကော့ရန် အခြေအနေမပေးပါ။ ကျလာကတည်းက ကျွမ်းထိုးမှောက်ခုံ ပတ်ချာလည်ပြီး ကျလာရာ ဦးခေါင်းနှင့် မြေကြီးနှင့် ရိုက်မိတော့မှ ရပ်လေ၏။

"ဦးသူတော်... ဦးသူတော်" ဟု အသံပေးလျက် ထော်ခဲ ပြေးသွား၏။

အသက်ပျောက်နေသည်ကို တွေ့သောအခါ ဝမ်းပန်းတနည်းပွေ့ဖက် ငိုယိုမိလေတော့၏။


## တစ်ခုမကျန် အကုန်ထည့်

ဖိုးသူတော် ကွယ်လွန်ပြီးနောက်တွင် ဆရာဘုန်းကြီးသည် ထော်ခဲအား စာပေကျမ်းဂန်များ တစ်ဖန် ပြန်လည်သင်ကြားပေးသည်။ နှောင့်ယှက်မည့်သူ ဝေးသဖြင့် ထော်ခဲမှာ ပျော်ရွှင်စွာ စာပေ သင်ကြားရ၏။ သို့သော် အသက်နှစ်ဆယ်သို့ နီးကပ်လာပြီ။

ဤသို့ဖြင့် ပျော်ရွှင်စွာ စာပေသင်ကြားနေစဉ် ထော်ခဲလည်း အသက်နှစ်ဆယ်ပြည့်ခဲ့ပြီ။ မမျှော်လင့်သော နေ့တစ်နေ့တွင် ဆရာဘုန်းကြီးမှာ ရုတ်တရက် ပျံလွန်တော်မူလေ၏။ ဆရာတော် ပျံလွန်တော်မူခြင်းကြောင့် ထော်ခဲလောက် ဝမ်းနည်းပူဆွေးသူရှိမည်မထင်ပေ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


ထော်ခဲသည် ဆရာတော်၏ အလောင်းကို အတင်းဖက်ထားပြီး အဆက်မပြတ် ငိုကြွေးနေသည့်အတွက် လူအများက ထော်ခဲကို ရွာထဲသို့ ခေါ်သွားရ၏။ ထော်ခဲမှာ ဆရာ၏ရုပ်ကနပြောကျသည်ကိုပင် မဖူးတွေ့လိုက်ရပေ။ ထို့နောက်တွင်ကား ထော်ခဲသည် ကျောင်းသို့ ပြန်မသွားတော့ပေ။

ကျောင်းဆက်မနေလျှင် တစ်ခုခု လုပ်မှ သင့်လျော်မည်ဟု ထော်ခဲ စဉ်းစားမိသည်။

သို့ဖြစ်ရကား မိခင်ထံ ခွင့်ပန်ပြီး ဝန်ကြီးတစ်ပါး၏အိမ်သို့ သွားသည်။ အမှုတော် ထမ်းရွက်ခွင့်ပြုပါရန် ခွင့်တောင်းသည်။ ဝန်ကြီးမှာလည်း ကွမ်းအစ်ကိုင် အမှုထမ်း လစ်လပ်နေခိုက်ဖြစ်သည်။ သို့အတွက် ထိုနေရာတွင် ထော်ခဲအား ခန့်လိုက်လေသည်။

ထော်ခဲသည် သူ့သခင် ဝန်ကြီးသွားရာ နောက်သို့ ကွမ်းအစ်ပိုက်လျက် လိုက်ပါ အမှုထမ်းရသည်။ ဝန်ကြီး ညီလာခံ အခစားဝင်လျှင် မြင်းကို ကိုင်ပြီး အပြင်က စောင့်ရသည်။ နန်းတော် လွှတ်တော် စသည်များကို မသွားရသည့် အခါများတွင် ကလေးထိန်းရသည်။ ထမင်းချက်၊ ရေခပ်၊ ထင်းပေါက်။

တစ်ခုသောနေ့တွင် ထော်ခဲ၏ သခင်ဝန်ကြီးသည် ညီလာခံသို့ အခစားဝင်ရန် မြင်းစီး၍ ထွက်လာ၏။

ထော်ခဲသည် ကွမ်းအစ်ပိုက်လျက် မြင်းနောက်မှ ကပ်လျက် ပါလာသည်။ ဝေးလံစွာ ပြတ်ကျန် မနေခဲ့စေရန် မြင်းမြီးကို ကိုင်ပြီး လိုက်ပါလာရသည်။

မြင်း နှေးနှေးသွားလျှင် ထော်ခဲ သက်သာစွာ လိုက်နိုင်သည်။ မြင်းသွက်သွက်နှင်လျှင် ထော်ခဲ အပြေးလိုက်ရသဖြင့် မသက်သာ။

တစ်နေရာအရောက်တွင် လဲပြိုဖိတ်စဉ်သံများ ဝန်ကြီး ကြားသည်။ လှည့်စောင်းကြည့်သည်။

mgyoe.com

mgyoe.com


ပိုးလိုးပက်လက် လန်နေသော ထော်ခဲ။ အဖုံးပွင့်ကာ ကွမ်းသီး၊ ကွမ်းရွက်၊ ထုံးဘူး၊ ရှားစေး၊ ဆေးရွက်ကြီးများ ပြန့်ကြဲနေသော မြင်ကွင်း။

"သဘောက်မသား၊ လုပ်လိုက်ရင် နမော်နမဲ့ချည်းပဲ"

ထော်ခဲ လူးလဲထသည်။ "သည်းခံတော်မူပါ ဘုရား၊ နောက်နောင် အခုလို ခလုတ်မတိုက်စေရပါ ဘုရား" ဟု ရှိခိုးတောင်းပန်သည်။ အရေးထဲတွင် မြင်းက အမြီးကိုမပြီး ကျင်ကြီးစွန့်သည်။

"မြန်မြန် ကောက်လကွယ့်"

ထော်ခဲသည် ပျာယီးပျာယာ ကောက်ထည့်သည်။ ဟိုဟာ ကျန်ခဲ့၊ သည်ဟာကို ကျော်သွားဖြစ်နေသည်ကို မြင်းပေါ်မှ ဝန်ကြီး မြင်ရ၏။

"ဖိတ်စဉ်ကျသွားသမျှ အကုန်လုံး ကောက်ယူပြီး ကွမ်းအစ်ထဲ ထည့်၊ တစ်ခုကျန်ရင် အသေပဲ"

"မကျန်စေရပါဘူး ဘုရား"

ဝန်ကြီးသည် ကြုံးဝါးပြီးလျှင် ရွှေနန်းတော်သို့ မျှော်ကြည့်သည်။ ဝန်ကြီး မှူးကြီးတွေ တဖွဲဖွဲ သွားနေကြသည်။

"မှန်ပါ၊ လွင့်စဉ်ထွက်ကျသမျှ ကောက်ယူထည့်သိုပြီးပါပြီဘုရား"

ဝန်ကြီး စိတ်စောနေသဖြင့် လှည့်မကြည့်။ မြင်းကို နှင်သည်။

ရွှေနန်းတော်ကြီးအရောက်တွင် မြင်းကို ထော်ခဲထံ အပ်သည်။ ကွမ်းအစ်ကို ပိုက်လျက် နန်းတော်ထဲသို့ဝင်ခဲ့သည်။

ဘုရင်မင်းမြတ် ထွက်တော်မူ မလာသေး။ ဝန်ကြီးသည် ခစားမြဲနေရာတွင် ထိုင်သည်။ အခြား ဝန်များနှင့် စကားပြောနေရာက ကွမ်းစားချင်လာသည်။ ကွမ်းအစ်ကို အမှတ်မဲ့ ဖွင့်သည်။

ကျယ်လောင်သော ရယ်မောသံကြီး။

ဝန်ကြီး မျက်လုံးပြူး၏။ မျက်နှာကြီး နီရဲ၏။ ချက်ချင်း ကွမ်းအစ်အဖုံးကို ဆောင့်ချ၏။

mgyoe.com

mgyoe.com


"သဘောက်မသား ထော်ခဲ၊ ဗိုင်းတာမသား၊ ခွေး၊ အရူး"

ဝန်ကြီးမှာ ညီလာခံ တစ်ချိန်လုံး စိတ်မဖြောင့်။ ထော်ခဲကိုသာ ဆဲရေးနေ၏။

ညီလာခံပြီး၍ ရွှေနန်းတော်ကြီးမှ ထွက်ခွာလာချိန်တွင်လည်း ဝန်ကြီး၏မျက်နှာမှာ ရွာတော့မည့်မိုးနှယ် မည်းချိတ်အုံ့မှိုင်းလျက် ရှိ၏။

သူသည် အိမ်တော်သို့ ရောက်လျှင် ရောက်ချင်း စားကို ပြေးဆွဲသည်။ "ဟေ့ကောင်... လာခဲ့၊ ထိုင်" ဟု ကြမ်းပြင်ကို လက်ညှိုးထိုးပြ၏။ ထော်ခဲသည် မျက်လုံးကလေး ပေကလတ် ပေကလတ်ဖြင့် ဒူးတုပ်ထိုင် လက်ယှက်လျက် မော့ကြည့်၏။

"နင်ကိုင်တဲ့ ကွမ်းအစ်ကို ဖွင့်ကြည့်စမ်း၊ ဘာတွေပါတုံး"

ထော်ခဲသည် ကွမ်းအစ်အဖုံးကို ဖွင့်ကြည့်၏။ ထုံးဘူး၊ ကွမ်းညှပ်၊ ကွမ်းသီးတို့၏အလယ်တွင် အတုံးလိုက်၊ အခဲလိုက် မြင်းချေးများ။ ပုံ့ရွှဲနေသော မြင်းချေးများ။

"မြင်းချေးတွေ ကွမ်းအစ်ထဲထည့်တာဟာ ပရိသတ်အလယ်မှာ ငါ့ကို တမင်အရှက်ခွဲတာ မဟုတ်လား"

ကိုင်ထားသော စားသည် ထော်ခဲ၏ ခေါင်းပေါ်သို့ မိုးနေပြီ။

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် အရှက်မခွဲပါဘူး။ အရှင့်စကားကို မြေဝယ်မကျ နားထောင်တာပါ။ အရှင်ပဲ ဖိတ်စဉ်လွင့်ကျလာသမျှ တစ်ခုမကျန် အကုန်ကောက်ထည့်ခဲ့လို့ အမိန့်ရှိပါတယ်။ မြင်းချေးတွေဟာလည်း လွင့်ကျလာတာပဲ ဖြစ်ပါတယ် အရှင်"

ဝန်ကြီး တက်ခေါက်မိသည်။ သူ့စကားနှင့်သူ မိနေသည်။ သည်စကားကို သူ ပြောမိသည်မှာ အမှန်ဖြစ်နေသည် မဟုတ်သလော။

"အေး...ဟုတ်တယ်၊ နက်ဖြန်က စပြီး ငါ့နောက်ကို မလိုက်နဲ့။ အိမ်မှာ နေခဲ့"

mgyoe.com

mgyoe.com


## တစ်သဝေမတိမ်း နာခံသူ

ထော်ခဲမှာ ဝန်ကြီး၏အိမ်တွင် နေရသဖြင့် အလွန်ပင်ပန်းသည်။ ဝန်ကြီးနောက်မှ ကွမ်းအစ်ကိုင်ပြီး လိုက်စဉ်က သက်သာသည်။ ညီလာခံကြီး မပြီးမချင်း ထိုင်ပြီး ငိုက်နေရုံသာ ရှိသည်။ အိမ်တွင်မူ ထမင်းချက်၊ အဝတ်လျှော်၊ ထင်းပေါက်၊ ရေခပ်။ ထို့ပြင် ကလေးထိန်းရသေးသည်။ ကလေးကို ချထားပြီး ထမင်းအိုး ပြေးငှဲ့ရသည်။ ကလေးကို ခါးထစ်ခွင်ချီထားလျက် ငရုတ်သီး ထောင်းရ၏။

ယနေ့ နံနက်သော် ရေခပ်ပြီးကတည်းက ထော်ခဲ ငြိမ်းနေသည်။ ပေါက်စရာ ထင်း၊ ရေထည့်စရာ အိုးကုန်ပြီ။ ကလေးလည်း အိပ်နေသည်။ ဝန်မင်းလွှတ်တက်ရန် ထွက်သွားပြီး မကြာမီ ဝန်ကတော် ပျာယီးပျာယာ ထွက်လာသည်။

"ဟဲ့...ထော်ခဲ၊ ငါ သွားစရာ အရေးကြီးလို့ ကလေးကို ကြည့်ထားလိုက်စမ်း၊ ကလေး အိပ်နေတယ်"

"မှန်ပါ သခင်မ"

"ငေးမောမနေနဲ့၊ ကောင်းကောင်းကြည့်ထား"

"စိတ်ချတော်မူပါ သခင်မ ဘုရား"

ထော်ခဲသည် အပြောသမား မဟုတ်။ ရှေ့တွင်တစ်မျိုး ကွယ်ရာတွင် တစ်မျိုးလုပ်သော အမှုထမ်းလိမ်၊ အမှုထမ်းကောက် မဟုတ်ချေ။ ကလေးကို သိပ်ထားသော ပုခက်ဘေးသို့ ချက်ချင်းရောက်လာသည်။ အိပ်မက်ထဲတွင် ယောင်ယမ်းနို့စို့နေသော ကလေး။ သည်ကလေးအား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

ကလေး လူးလွန့်သည်။ အိ... အဲ့... အသံပေးသည်။

ထော်ခဲကား စိုက်ကြည့်နေသည်။ ပုခက်မလွှဲ၊ စုတ်မသတ်။ "မင်းအမေ အပြင်သွားတယ် အိပ်... အိပ်" အပိုတွေ မပြော။ စိုက်ကြည့်နေသည်။

mgyoe.com

mgyoe.com


ကလေးသည် တစ်အောင့်မျှသာ ငြိမ်သွားပြီးနောက် ပါးစပ်ကြီးဖြဲလျက် ကျယ်လောင်စွာ ငိုတော့သည်။ ထော်ခဲကား မလှုပ်မယှက်ရပ်လျက် ကြည့်နေသည်။ ကလေးမှာ ချော့သံ မြူသံ မကြားရသဖြင့် အငိုတိတ်ကာ ထထိုင်သည်။ ပုခက်နှုတ်ခမ်းကို ကိုင်ကာ ဆင်းသည်။ အားလွန်ပြီး ကျွမ်းထိုးကျသည်။

စူးစူးဝါးဝါးပေါ်လာသော ကလေးငိုသံကား ကမ္ဘာပျက်မတတ်ကျယ်လောင်သည်။ ငိုနေဆဲ တန်းလန်းမှာပင် ကလေး၏နဖူးတွင် လက်သီးဆုပ်ရွယ် အဖုကြီးဖြစ်တည် ပေါ်ပေါက်လာသည်။ ကလေးငိုသည်မှာ ထော်ခဲနှင့် မဆိုင်။ သူ့ဘာသာသူ တက်အောင်ပဲ ငိုငို၊ သေအောင်ပဲ ငိုငို မိမိနှင့် မဆိုင်။ မိမိတာဝန်မှာ ကလေးကို ကြည့်နေရန်မဟုတ်သလော။ သို့အတွက် ကလေး၏နဖူးကြီး စူမောက် ရောင်ရမ်းလာသည်မှာလည်း ထော်ခဲနှင့် မဆိုင်ချေ။

ကလေးတစ်ယောက်သည် မည်မျှကြာအောင် ငိုယိုသနည်း။ မည်မျှကြာအောင် ငိုသည်ဖြစ်စေ မောချိန်တွင် တိတ်သည်။

နဖူးကြီး ရောင်ကိုင်းနေသော ကလေးသည် ဟိုဟိုသည်သည် လျှောက်သွားရာက အိမ်အဆင်းအတက်တွင် နောက်ဖေးသွားသည်။ ထိန်းသိမ်းတားမြစ်မည့်သူ မရှိသည့်အလျောက် အညစ်အကြေးတွေကို လက်ဖြင့် ပွတ်သည်။ ပုတ်ခတ်သည်။ တစ်အိမ်လုံး နံစော်နေပြီ။ ကလေးတစ်ကိုယ်လုံးလည်း ပေကျံနေပြီ။ ထော်ခဲကား တစ်စုံတစ်ရာ မတားမြစ်။ သခင်မ ပေးခဲ့သောတာဝန်ကား ကလေးကို ကောင်းစွာ ကြည့်ရန် မဟုတ်သလော။

မစင်နှင့် ဆော့ကစား၍ အားရသွားသော ကလေးသည် ရေချိုးသည့်နေရာ၊ အဝတ်လျှော်သည့်နေရာသို့ ရွေ့လာသည်။ စိမ်းစိမ်း ရေညှိမည်းမည်း ရွှံ့ပုပ်တို့မှာ ချစ်စရာပါကလား။

mgyoe.com

mgyo.e.com


ကလေး၏ တစ်သက်တွင် သည်တစ်ကြိမ်သောက် လွတ်လပ်ခွင့် မရ။ ရွှံ့တွေကို အားရပါးရ ထိုးကော်သည်။ ရွှံ့ထဲမှ တီကောင်နီနီတွေ တွန့်လိမ်ကောက်ကွေးလျက် ထွက်လာရာကလေးက ပျော်ရွှင်စွာ ရယ်မော သည်။ တီကောင်တွေကို ဆွဲဖြတ်သည်။ မပြတ်သည့် အကောင်တွေက လက်ကို ပတ်သည်။

ထော်ခဲသည် ကလေးအား ငုံ့ကြည့်နေသည်။ ကလေးကို တီကောင် မကဲ့ မြွေဟောက်ကြီးပဲ ပတ်ပတ် သူ့အလုပ်မဟုတ်။ သူ့အလုပ်မှာ ကလေးကို ကြည့်ရန်။ ကလေးသည် ရွှံ့ဗွက်ထဲ ဆင်းပြီ။

"ဟဲ့... သား၊ အမယ်လေး... ဟဲ့... ထော်ခဲ"

ဝန်ကတော် ပြန်လာသည်။ ကလေးကို မြင်ရုံဖြင့် အော်ကြီး ဟစ်ကျယ်အော်ကာ ပြေးလာသည်။

"နင့်ကို သေသေချာချာ ကလေး ကြည့်ထား၊ ကောင်းကောင်း ကြည့်လိုက်လို့ မှာခဲ့သားနဲ့"

ဝန်ကတော်သည် ရိုက်မောင်းပုတ်မောင်းလုပ်ရာ ထော်ခဲသည် ဒူးထောက်ကာ လက်ယှက်ရှိခိုး၏။

"သခင်မ မှာတော်မူခဲ့တဲ့အတိုင်း ကလေးကို သေချာစွာ မျက်တောင် မခတ်ဘဲ ကြည့်နေခဲ့ပါတယ် ဘုရား။ ကျွန်တော်မျိုး သေချာစွာ ကြည့်နေ တဲ့အတွက် ပုခက်ပေါ်က ကလေးလိမ့်ကျတာ သိပါတယ်။ လှေကား အဆင်းမှာ အီအီးပါတာ သိပါတယ်။ အခု ရွှံ့တွေ ဆော့နေတာလည်း မြင်နေရကြောင်းပါ ဘုရား"

ဝန်ကတော်သည် နောက်ဖေးဘက်တွင် စုရုံးနေသော အခိုင်း အစေများကို လှမ်းခေါ်ကာ အကူအညီ တောင်းသည်။ ကလေးကို ရေချိုး၊ အိမ်ကို ရေဆေးသည်။ ထော်ခဲကိုကား အနည်းငယ်မျှ မကြည့်

mgyoe.com

mgyoe.com


သာ။ မကြည်သာစေကာမူ မိမိက ကောင်းကောင်းကြည့်လိုက်ဟု မှာခဲ့မိသည် မဟုတ်သလော။

## တိတိကျကျ လိုက်နာသူ

ခုနစ်ရက်ခန့် ကြာသွားပြန်သည်။ ထိုရက်မတိုင်မီ နေ့များတွင်မူ ဝန်ကတော်သည် အပြင်သို့ သွားစရာအကြောင်းရှိပါက ကလေးကို ခေါ်သွားသည်။ ယနေ့သော်ကား ကလေး အိပ်နေသည်။ ဝန်ကတော်ကလည်း ဈေးသို့ သွားလိုလှပြီ။ ကလေးကလည်း မနိုးသေး။

"ဟဲ့... ထော်ခဲ၊ လာစမ်း"

"လာပါပြီ ခင်ဗျာ" ဆိုသံနှင့်အတူ ထော်ခဲသည် ဝန်ကတော်၏ ရှေ့သို့ ဒူးထောက်လျက် ရောက်ပြီးသား ဖြစ်နေလေ၏။

"နင်... အခု ဘာလုပ်နေသတုံး"

"မြောင်းတူးနေကြောင်းပါ သခင်မ ဘုရား"

"ရပ်ထားလိုက်၊ ခြေလက်သွားဆေးပြီး ကလေးအနားမှာနေ"

ထော်ခဲသည် အရှင့်အလိုကျဖြစ်စေရန် အလျင်အမြန် ခြေလက်ဆေးကြောသည်။ အပြေးအလွှား ပြန်တက်လာသည်။

"အေး... ဟိုနေ့တုန်းကလို မလုပ်နဲ့၊ ကလေး လိမ့်မကျစေနဲ့၊ မထိခိုက် မနာကျင်စေနဲ့၊ ငိုရင် ကပြပြီး ချော့ရမယ်"

"မှန်ပါ သခင်မ"

"နောက်ဖေးတွေ ဘာတွေသွားရင် သေသေချာချာ ကျုံးပစ်၊ ကလေးမှာလည်း ပေကျံမနေပေစေနဲ့။ မန်မစော်အောင် ရေဆေး၊ နနွင်းလူးထား"

"ကောင်းလှပါပြီ သခင်မ ဘုရား"

ထော်ခဲသည် ပုခက်အနီးတွင် ယမန် တစ်နေ့ကနည်းတူ လာရပ်

mgyoe.com

mgyoe.com


သည်။ မျက်တောင်မခတ် ကလေးကို စိုက်ကြည့်နေသည်။ ပုခက်ကို လည်း ညင်သာစွာ လွှဲပေးသည်။ အချိန်တန်သောအခါ ကလေးသည် နိုးလာပြီး ထထိုင်၏။ ထထိုင်ပြီးလျှင် ပုခက်ပေါ်မှ ဆင်းတော့မည်။

ထို့ကြောင့် ထော်ခဲကလေးကို အသာပွေ့ချီပြီး ကြမ်းပေါ်သို့ ချထား၏။ ကလေးသည် ရောက်တတ်ရာရာ လျှောက်သွားနေရာက ဝမ်းသွားလေ၏။

သည်နေ့မှာသော် ထော်ခဲ ကြည့်မနေပါ။ ဝမ်းတွေကို ကျုံးပစ်သည်။ ကလေးကို အဝတ်ဖြင့် သုတ်ပေးသည်။ ကလေးမှာ ဝမ်းသွား၍ မပြီးသေးသဖြင့် ထပ်သွားပြန်သည်။ ထော်ခဲကား ကလေး ဝမ်းသွား၍ ပြီးစီးအောင် မစောင့်။ ဝမ်းသွားတိုင်း အဝတ်နှင့် သုတ်ပေးနေသဖြင့် လျှော်စရာ အဝတ်တွေ ပုံနေတော့သည်။ ကလေးလည်း အနှောင့်အယှက် ကြီးကို ကျော်လွှားပြီး ဝမ်းသွားခြင်းကိစ္စ ပြီးစီးသွားလေပြီ။

ထော်ခဲသည် အဝတ်ဖြင့် သုတ်ပေးပြီးနောက် ကလေး၏ စအိုကို နမ်းကြည့်သည်။ နံစော်နေသေးသည်။ သို့ကြောင့် ရေဆေးသည်။ နမ်းကြည့်သည်။ အလွန်အမင်း မနံစေကာမူ မစင်နံ့ကား နံစော်နေသေး ရာ စအိုထဲသို့ လက်ညှိုးထိုးပြီး ကုတ်လိုက်သည်တွင် အစာဟောင်း အိမ်ကြီး ပါလာပြီး ကလေးလည်း ထွန့်ထွန့်လူးငိုကာ အငို ရုတ်တရက် တိတ်သွားလေ၏။

ထော်ခဲကား ကလေး၏ စအို နံစော်နေခြင်းမှာ ဤအရာကြီး ကြောင့် ဖြစ်ရမည်တွေးကာ ဆွဲထုတ်ပစ်သည်။ ထို့နောက် ကလေး ၏စအိုကို ရေဆေးပေးပြီး နမ်းကြည့်သည်။ မနံတော့ပါ။ ထောခဲ ကျေနပ် သည်။ စအိုကို နနွင်းလိမ်းပေးကာ ကလေးကို ပုခက်ထဲသို့ ထည့်သိပ် လိုက်သည်။

"အိုအိုးရဲ့ အိုအေး၊ အိပ်ပါကွယ် လူကလေး၊ အေးအေးရဲ့ အေး"

mgyoe.com

mgyoe.com


ကလေး နှစ်ခြိုက်စွာ အိပ်ပျော်စေရန် တေးချင်းပင် အော်ဟစ်သီဆိုနေလိုက်သေး၏။

သို့စဉ်တွင် ဝန်ကြီးသည် ရွှေနန်းတော်ကြီးတွင် အခစားဝင်ရာမှ ပြန်ရောက်လာ၏။ ထော်ခဲ တေးချင်း တကြော်ကြော်ဖြင့် ပုခက် လွှဲနေသည်ကို မြင်ရသောအခါ ကျေနပ်စွာ ပြုံး၏။

"သည်ကောင် သလိုတော့ အတော်သားပဲ" ဟု ထင်နေ၏။

ဝန်ကတော် ပြန်လာပြီ။ ကလေးကား မနိုးသေး။

ကလေးသည် နိုးချိန်၏နောက် အချိန်များစွာ ကြာမြင့်သည်အထိ မလှုပ်မယှက်ဘဲ ရှိနေသည်။ အလွန်ကြာမြင့်သောအခါ ဝန်ကတော်သည်။ ကလေး နှိုးလိုက်ရန် ပွေ့ယူသည်။

"အမယ်လေး...လာကြပါဦး"

ကလေးမှာ အေးစက်တောင့်တင်းနေသည်။ ဝန်ကတော်မှာ ကလေး လွတ်ကျမတတ် ထိတ်လန့်သွားသည်။ ငယ်သံပါအောင် အော်သည်။ ဝန်ကြီး အပါအဝင် တစ်အိမ်လုံးရှိ လူများ ပြေးလာကြသည်။ ကလေးကို စစ်ဆေးကြည့်သောအခါ စအိုကြီး ဟောင်းလောင်း ပွင့်နေသည်။

"ဒါ... ဒါ,.. ထော်ခဲ လက်ချက်ပဲ ဖြစ်ရမယ်"

ဝန်မင်းသည် ဓားကို ပြေးဆွဲသည်။ ဓားအိမ်ထဲမှ ဆွဲချွတ်ရင်း "ဘယ်မတုံး သဘောက်မသား၊ လာခဲ့" ဟု ဒေါသတကြီး ခေါ်သည်။ သို့ရာတွင် ထော်ခဲသည် မည်ကဲ့သို့သော ပြစ်ချက်ကိုမျှ မကျူးလွန်မိသူ သဖွယ် မျက်နှာငယ်ကလေးဖြင့် ဒူးထောက်ခစားလာ၏။

"ကလေးကို နင် သတ်တယ် မဟုတ်လား"

"ကျွန်တော် မသတ်ကြောင်းပါ"

"ဒါဖြင့် နင် ကလေးကို ဘာလုပ်သတုံး၊ မှန်မှန် ပြော"

mgyoe.com

mgyoe.com


"ကလေး ဝမ်းသွားရင်း နံစော် မနေစေနှင့်၊ ရေစင်အောင် ဆေး၊ နနွင်းလူးထားလို့ သခင်မက မိန့်ကြားသွားပါတယ်"

"ဒါနဲ့ပဲ အူတွေ ဆွဲနုတ်ရသလား"

ဝန်ကြီးမှာ အသားဆတ်ဆတ်တုန်နေ၏။ ထော်ခဲအား နုပ်နုပ်စဉ်းပစ်ချင်၏။ သို့ရာတွင် လူ့အသက်ကို ရေမြှေရှင်မှလွဲ၍ မည်သူမျှမပိုင်။ သို့ကြောင့် စားဖြင့် ရွယ်ရုံသာ ရွယ်နိုင်၏။

ထော်ခဲလည်း ဝန်ကြီး ဒေါသထွက်နေသည်ကို မြင်ရသဖြင့် ကြောက်ရွံ့စွာ ဖြေကြား၏။

"ကျွန်တော်မျိုး အူတွေ ဆွဲမနုတ်ပါ ဘုရား။ ကလေးဖင်ကို နမ်းကြည့်တိုင်း နံနေတဲ့အတွက် အထဲကို နှိုက်ကြည့်တော့ အထုပ်ကြီး ထွက်လာပါတယ်။ အဲဒါကြီးလည်း ထွက်လာရော အနံ့လည်း မရှိတော့ပါဘူး။ အဲဒါကြောင့် နနွင်းလူးပြီး သိပ်ထားတာပါ ဘုရား"

"အဲဒါ အစာဟောင်းအိမ်ဟ၊ အစာဟောင်းအိမ်ဟ"

ဝန်ကြီးသည် ပြောကာ... ပြောကာ လှိမ့်ကန်၏။

"ဟင်... အစာဟောင်းအိမ်ကို ဆွဲထုတ်လိုက်မှဖြင့် အသက်ရှိပါဦးမလား။ ကလေးကို နင် သတ်တာ၊ ငါ့ကလေးကို နင် သတ်တာ"

သတ်ခွင့်မရှိသော်လည်း ဝန်ကြီး၌ ထောင်းခွင့်ရှိ၏။ ရိုက်ခွင့်ရှိ၏။ သို့ဖြစ်သဖြင့် ထော်ခဲကို ထောင်းလမောင်းကျေအောင် ထုထောင်းရိုက်နှက်ကန်ကျောက်ကာ "ငါ့အိမ်ရှေ့ကို တစ်သက်လုံး မလာနဲ့" ကြိမ်းမောင်းပြီး နှင်ထုတ်လွှတ်လိုက်လေ၏။

## ကြက်ငယ်နှင့် လှေကားထစ်

ထော်ခဲမှာ မိခင်ထံတွင် တငုတ်တုတ်တုတ်ဖြင့် အချိန်ကုန်နေရသဖြင့် ရက်ကြာလာချိန်ဝယ် ငြီးငွေ့လာသည်။

mgyoe.com

mgyoe.com


"အမေရာ၊ ဘုရင်မင်းမြတ် ရှေ့တော်မှာ ဝင်ထွက် ခစားပါရစေ"

အဘွားအို နန္ဒိဒေဝီသည် ထိတ်လန့်အံ့သြစွာဖြင့် ရင်ကို ပုတ်၏။

သားအား မျက်လုံးပြူးလျက် ကြည့်၏။

"သေမှာပဲ၊ ရှင်ဘုရင့်ထံမှာ သွားပြီး ခစားလို့ကတော့ ငါ့ သားကို အမေ မြင်ရတော့မှာ မဟုတ်ဘူး"

"နိမိတ်မရှိ နမာမရှိ ပြောနေပြန်ပါပြီ အမေရာ"

"ဟဲ့... ဘုရင့်အနားမှာ ခစားရတာ ကမ်းနားသစ်ပင်နှင့် တူတယ်တဲ့။ နင်လုပ်တာ အဟုတ် မဟုတ်လို့ ဝန်မင်း အရှက်ကွဲပြီးပြီ။ အဲဒါနှင့် အားမရသေးတော့ ကလေးပါ သေခဲ့ရပြီ မဟုတ်လား။ ရှင်ဘုရင့်ဆီမှာ သည်လို အမှားတွေ ငါ့သား ကျူးလွန်ရင် မုချ သေမှာပဲ။ အဲဒါကြောင့် အမေ တားတာကွယ့်"

"ကျွန်တော့် ဘုန်းကံနှင့် ပညာက ရှင်ဘုရင်နှင့်မှ တန်တာ အမေရဲ့။ ဝန်ကြီးနှင့် မထိုက်တန်လို့ အခုလို ဖြစ်ကုန်တာ"

"အလိုလေး... အရူးက တစ်မူးသာလို့"

အမေသည် အော်ဟစ်သရော်ပြီးမှ "အမေနဲ့ပဲ နေပါ သားရယ်၊ ငါ့သားကို ကျွေးထားနိုင်တဲ့ အခြေအနေ အမေ့မှာ ရှိပါသေးတယ်" ဟု ချော့မော့သည်။ သို့ရာတွင် ထော်ခဲ နားမဝင်ပါ။

"ပြည့်ရှင်မင်းဆီမှာ ခစားမှ ကြီးပွားမှာ အမေရ၊ အမေနှင့် နေလို့ ထမင်းစားရရုံပဲ ရှိမှာပေါ့"

"သေမှာစိုးလို့ တားတာပါ သားရယ်"

အမေ မည်မျှပင် တားမြစ်စေကာမူ ထော်ခဲ လက်မခံပါ။ နေ့ရှိသရွေ့ ပူဆာနေသဖြင့် မိခင် သူကြွယ်ကတော်ကျကြီးမှာ ဘုရင်နှင့် ထိုက်တန်သော လက်ဆောင်တော်များ စီမံဖန်တီးရသည်။ ထို့နောက် ဘုရင့်ထံသို့ လက်ဆောင်တော်များ ဆက်သရင်း သားကို အပ်နှံထားခဲ့လေသည်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



ဝန်ကြီးထံတွင် ဘာတစ်ခုမျှ အပေါက်အလမ်း မတည့်ခဲ့သော ထော်ခဲအား ဘုရင်မင်းမြတ်က ချစ်ခင်တော်မူသည်။

သို့ကြောင့် ထော်ခဲအား "ဖိနပ်တော်" ရာထူးပေးထားသည်။

ဖိနပ်တော်ရာထူးမှာ "ဘုရင့်ဖိနပ် ခြေနင်းတော်များကို ထိန်းသိမ်းစောင့်ရှောက်ရသည်။ ဘုရင်ထွက်တော်မူရာတွင် ဖိနပ်လိုအပ်ပါက ဖိနင်းခင်းပေးရသည်။ ဖိနပ်မလိုအပ်ပါက ဖိနပ်ကိုင်ပြီး နောက်တော်ပါးက လိုက်ရသည်။

ထော်ခဲမှာ ဖိနပ်တော် အမှုထမ်းဘဝ၌ ထော်လော်ကန့်လန့်အမှုများ မဖြစ်ပွားပေ။ ထီးမူနန်းရာ အသုံးအနှုန်း အစီးအနင်း အဆောင်အရွက်များကို ကောင်းစွာ လေ့လာဆည်းပူးသည်။ လိုက်နာဆောင်ရွက်သည်။ သုံးနှစ်ကာလ အတောအတွင်း၌ ထော်ခဲသည် ရွှေနန်းတော်ကြီးနှင့် စပ်ဆိုင်သော ဗဟုသုတများကို များစွာ ဆည်းပူးမိလေတော့၏။

တစ်နေ့သောအခါတွင် ထော်ခဲမှာ အောင်မြင်ကျော်ကြားရန်အခွင့်ကောင်း အခါကောင်း ကြုံကြိုက်လေ၏။ အခါကောင်းမှာ ခေါမတိုင်းပြည်မှ ပညာရှိသုံးကျိပ် တစ်ယောက်ပါသော သံအဖွဲ့တစ်ဖွဲ့ရောက်လာခြင်း ဖြစ်သည်။ အခွင့်ကောင်းမှာ ထိုအဖွဲ့က ပြဿနာတစ်ခု တင်ပြလာခြင်း ဖြစ်ပေသည်။

ထော်ခဲတို့၏ ဂန္ဓောဝါသ နေပြည်တော်သို့ ရောက်ရှိလာသောခေါမပညာရှိအဖွဲ့တွင် ရွှေငွေအပြည့် တင်ဆောင်ထားသော သင်္ဘောခုနစ်စင်းပါလာ၏။ ကြက်ငယ်တစ်ကောင်လည်း ပါလာသေး၏။ သူတို့သည် ဘုရင်မင်းမြတ်ရှေ့တော်သို့ ဝင်ရောက်ခစား၏။

"မောင်မင်းတို့၊ ဘယ်တိုင်းပြည်က ဘာကိစ္စနှင့် လာကြသတုံး"

ဘုရင်မင်းမြတ်က မေးတော်မူသဖြင့် ပညာရှိခေါင်းဆောင်က "ခေါမတိုင်းပြည်မှလာကြောင်း" ဖြေပြီးမှ အကြောင်းရင်းကို တင်လျှောက်၏။

mgyoe.com

mgyoe.com


"အကြောင်းမှာ အခြားမဟုတ်ပါ ဘုရား၊ အရှင်မင်းမြတ်ရဲ့ နိုင်ငံတော်မှာ ပညာရှိတွေ အလွန်ပေါများကြောင်း ကြားရတဲ့အတွက် ပညာစမ်းချင်လို့ လာခဲ့ခြင်းဖြစ်ပါတယ် ဘုရား"

"မောင်မင်းတို့က ဘယ်လိုစမ်းမှာတုံး"

ပညာရှိခေါင်းဆောင်က ကြက်ငယ်ကို ထုတ်ပြကာ လက်ဖြင့် အုပ်ထား၏။

"ဟောသည် ကြက်ငယ်ဟာ အသေလား၊ အရှင်လား မေးမှာပါပဲ ဘုရား၊ မှန်အောင် ဖြေနိုင်ရင် ကျွန်တော်မျိုးတို့မှာပါတဲ့ သင်္ဘော ခုနစ်စင်းနှင့် တကွ ရွှေငွေများကို သိမ်းယူတော်မူပါ ဘုရား၊ မှန်အောင် မဖြေနိုင်ပါက အရှင်မင်းကြီးရဲ့တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ရပါလိမ့်မယ် ဘုရား"

ဘုရင်မင်းမြတ်သည် စိုက်ကြည့်၏။ တိမ်မယောင်နက်၊ ဖြောင့်မယောင်နှင့် ကောက်သော ပြဿနာပါတကား။

သို့ကြောင့် ဤသို့ မိန့်တော်မူလိုက်လေ၏။

"မောင်မင်းတို့ရဲ့ပြဿနာကို ဖြေသင့်၊ မဖြေသင့် ပညာရှိတွေနဲ့ တိုင်ပင်မှ ဖြစ်မယ်။ ဒါကြောင့် သင်တို့ရဲ့အမေးကို ဖြေမယ်၊ မဖြေဘူး ခုနစ်ရက်လည်တဲ့နေ့မှာ အကြောင်းပြန်ကြားတော်မူမယ်"

ခေါမပညာရှိအဖွဲ့ ဦးချ နောက်ဆုတ် ထွက်ခွာသွားပြီးနောက်တွင် ဘုရင်မင်းမြတ်သည် နန်းတွင်း သုခမိန်လေးယောက်တို့အား ရှေ့တော်သို့ ဆင့်ခေါ်လိုက်လေ၏။ ဘုရင့်အပါးတွင် ခစားနေကြသော နားခံ သံဆင့်တို့က အကြောင်းအရာကို ရှင်းပြကြ၏။ သုခမိန်များ ခေါင်းယမ်းကြ၏။

"လက်နှင့် ဆုပ်ထားတဲ့ ကြက်သူငယ်ကို အရှင်ပါလို့ ဖြေရင် ညှစ်သတ်မယ်၊ အသေပါလို့ ဖြေရင် ညှစ်မသတ်ဘဲထားမယ် ဘုရား"

"ကောက်ကျစ်ညဏ်နှင့် ရောက်လာတာပါ ဘုရား၊ မဖြေဘူးလို့ ပြန်ကြားပါ ဘုရား"

mgyoe.com

mgyoe.com


"အမတ်တွေ၊ မောင်မင်းတို့ကို ပညာရှိ သုခမိန်အဖြစ် မြှောက်စားထားသမျှ အလကားဖြစ်ပါပေါ့လား"

ဘုရင် ညည်းတွားသောအခါ ပညာရှိ သုခမိန်လေးဦး ငြိမ်သက်၏။

"ငါ့နိုင်ငံတော်မှာ ပညာရှိတွေ အများကြီးရှိတယ်ကြားလို့ လာတာတဲ့။ အခုပုံအတိုင်းဆိုရင် ပညာရှိ မရှိဘူး ဝန်ခံရာ ရောက်ပြီပေါ့။ ရွှေငွေအပြည့်ပါတဲ့ သဘော်ခုနစ်စင်းလည်း လက်လွှတ်ရတော့မှာပါကလား"

ဘုရင်၏မြည်တမ်းသံအဆုံးတွင် သုခမိန်လေးယောက်တို့ မှိုင်တွေချနေမိကြလေ၏။ ဘုရင်မင်းတရား အာရုံရှိသော သဘော်ခုနစ်စင်းရရှိရေး၏သော့ချက်မှာ ကြက်ငယ်ဖြစ်သည်။ ကြက်ငယ် အသေအရှင်ပိုင်နိုင်အောင် မည်သို့ဆောင်ရွက်မည်နည်း။ သုခမိန်များတွင် အကြံဉာဏ်ကောင်းမရှိလေ။

"မောင်မင်းတို့ ပညာရှိသုခမိန်များထံမှ ကောင်းမွန် သင့်မြတ်သောအကြံဉာဏ် မရရှိသဖြင့် သင့်မြတ်လျော်ကန်သော အကြံကောင်းပေးနိုင်မည့်သူကို နေပြည်တော်အတွင်းမှာ ရှာရလိမ့်မယ် မောင်မင်းတို့"

သူတို့၏သိက္ခာကို ထိပါးလာပြီ။ သို့သော် သုခမိန်လေးဦး မလှုပ်ရှားပါ။ သို့ရာတွင် ပြည့်ရှင်မင်းသည် နေပြည်တော်အတွင်း၌ မောင်းကြော်ရန် အမိန့်ပေးလိုက်လေတော့၏။

"တိုင်းသူပြည်သား လူအများတို့လေး၊ ခေါမတိုင်းပြည်မှ ရွှေငွေအပြည့်တင်ဆောင်လာသော သဘော်ခုနစ်စင်းတွင် လိုက်ပါလာသည့် ပညာရှိ သုံးကျိပ်တစ်ယောက်တို့ ယူဆောင်လာသော ပြဿနာအား ကျေလည်အောင် ဖြေရှင်းနိုင်သော မည်သူ့ကိုမဆို သဘော်ခုနစ်စင်း၌ ပါလာသည့် ရွှေငွေများ ထက်ဝက်ပေးသနား ချီးမြှင့်တော်မူမည်။ ဂန္ဓောဝါသ ဘုရင့်အမိန့်တော်"

mgyoe.com

mgyoe.com


သဘော်ခုနစ်စင်းအပြည့် တင်ဆောင်လာသည့် ရွှေငွေများ၏ ထက်ဝက်ကို ရမည်ဆိုသဖြင့် လူတွေ စိတ်ဝင်စားကြ၏။ အကြားအမြင်ရှိသူများသည် ဘုရင့်ရှေ့သို့ ဝင်ရောက်ခစားကြ၏။ ဆောင်ရွက်ရမည့် တာဝန်ကိုကြားကာ ခဏတွင် လျှင်မြန်စွာ ဦးချပြီး ဆုတ်ခွာသွားကြလေ၏ ။

ရက်များသည် တစ်ရက်ပြီး တစ်ရက် ကုန်ခဲ့သည်။

လူစွမ်းကောင်းပညာရှိကား ပေါ်ပေါက်မလာသေး။

သံပညာရှိများ ဝင်ရောက်ဖူးမြော်မည့်ရက်ကား တရွေ့ရွေ့ နီးကပ်လာပြီ။ ရွှေငွေသဘော်ခုနစ်စင်းကို ဆုံးရှုံးတော့မည်ဟု ဘုရင်မင်းမြတ် ထင်မှတ်လာသည်။ စိတ်နှလုံး တုံးတုံးချအံ့ဆဲဆဲဝယ် နားခံတော်က သံတော်ဦး တင်၏။

"ဖိနပ်တော် ငထော်ခဲ ခြေတော်ရင်း၌ ဝပ်စင်းရောက်ရှိနေပါတယ် ဘုရား"

ဘုရင်မင်းမြတ် ကြွလှမ်းလာကာ သလွန်တော်ပေါ်၌ စံမြန်းသည်။ လှမ်းလင့်ရှုစားတော်မူသည်။ ပျပ်ဝပ် ရိုကျိုးစွာ ခစားနေသော ဖိနပ်တော် အမှုထမ်း။

"ဟဲ့... ဖိနပ်တော်၊ သံတော်ဦး တင်စမ်း"

"မှန်လှပါ၊ ရတနာသဘော်ခုနစ်စင်းနှင့် လိုက်ပါလာတဲ့ ပညာရှိတွေရဲ့ပြဿနာကို သိပါရစေ ဘုရား"

သို့အတွက် သံတော်ဆင့်က ရှင်းပြသည်။ ထော်ခဲသည် ခေါင်းစောင်းကာ နားထောင်သည်။ နားမရှင်းသည်များကို မေးသည်။ ပြီးလျှင် ဘုရင့်ဘက်သို့ လက်အုပ်ချီသည်။

"ကျွန်တော်မျိုးကြီး ဖြေနိုင်ပါတယ် ဘုရား"

ဤတွင် အမတ်တစ်ဦးက "တိုင်းပြည်ကို သိမ်းဖို့ စစ်တိုက်မယ့်

mgyoe.com

mgyoe.com


ကိစ္စနော် ထော်ခဲ၊ ပေါ့ပေါ့ မလုပ်နှင့်။ ပထမ မောင်မင်း သေရမယ်၊ ဒုတိယ စစ်ဖြစ်ရမယ်။ သတိထားပြီး တင်လဟ" သတိပေးသည်။

"အရှင့်ကျွန် ငထော်ခဲ ကောင်းကောင်းကြီး ဖြေနိုင်ပါသ ဘုရား၊ သို့သော် သူတို့ကလည်း ကျွန်တော်မျိုး မေးတာ ဖြေရပါလိမ့်မယ်"

"ဟဲ့... ထော်ခဲ၊ နင် တကယ် ဖြေနိုင်သလား"

ဘုရင်က မယုံတစ်ဝက် မေးသည်။

"မဖြေနိုင်ရင် ကျွန်တော်မျိုး အသက်ကို ပြုလိုရာ ပြုတော်မူပါ ဘုရား၊ ခေါမပညာရှိတွေရဲ့အမေးကို ကျွန်တော်မျိုး ဖြေနိုင်ရင် ဘယ်လို သူကောင်းပြုတော်မူမှာတုံး ဘုရား"

"မောင်းကြော်တဲ့အထဲမှာ ပါတဲ့အတိုင်း ထက်ဝက်သော အသပြာနှင့် ရွှေတွေ နင် ရမှာပေါ့"

"ကျွန်တော်မျိုး ဖြေပါမယ် ဘုရား၊ ဒါပေမဲ့ ပြဿနာ ဖြေမယ့်ရက်မှာ နူးအောင် ပြုတ်ထားတဲ့ ကြက်ပျိုမတစ်ကောင်နှင့် အရက်ကောင်းကောင်း တစ်ကျည်တောက် ပေးသနားတော်မူစေချင်ပါတယ် ဘုရား"

"အသင့်ဖြစ်ရစေ့မယ် မောင်မင်း"

ထော်ခဲသည် အပြောနှင့်အလုပ် အဟုတ် ကိုက်၊ မကိုက် မသိသေးသော်လည်း ဘုရင်မင်းမြတ် စိတ်အေးသည်။ ပြုံးနိုင်၊ ရယ်နိုင်၊ စားနိုင်၊ သောက်နိုင်ကာ အနောက်နန်းသို့လည်း ကြွမြန်းတော်မူနိုင်ပြီ။

ခုနစ်ရက် ပြည့်မြောက်လျှင် ခေါမပညာရှိများ ဝင်ရောက် ခစားသဖြင့် "ငါတို့ မေးတာကို သင်တို့ ဖြေရင် သင်တို့မေးတာကိုလည်း သန်ဘက်ခါ နံနက်တွင် ဖြေကြားမည်" ဟု သံတော်ဆင့် အမတ်က ဘုရင့်ကိုယ်စား အကြောင်းပြန်၏။ ခေါမပညာရှိအဖွဲ့သည် လက်ခံပြီး ပြန်သွားကြလေ၏။

ပြဿနာဖြေမည့် ရက်သို့ရောက်ပြီ။

mgyoe.com

mgyoe.com


မွန်ပညာရှိနှင့် ခေါမပညာရှိအဖွဲ့တို့ ပညာပြိုင်မည့်နေရာသို့ မြို့သူမြို့သားတွေ ရောက်လာကြသည်။ ခေါမအဖွဲ့ရောက်လာပြီးနောက် မရှေးမနှောင်းတွင် ထော်ခဲလည်း ရောက်လာသည်။ ဘုရင်မင်းမြတ်လည်း ထွက်စံတော်မူသည်။

"အရှင်မင်းကြီး ကြက်ပျိုနှင့် အရက်တစ်ကျည်တောက် မရသေးဘူး ဘုရား"

"ဟဲ့... စားတော်ဝန်၊ ထော်ခဲ အလိုရှိသောအရာများ ဖြည့်ဆည်းပေးစေ"

နူးနေအောင် ပြုတ်ထားသော ကြက်ပျိုမသည် အိနေ၏။ ထော်ခဲသည် ဤအရာကို အားရပါးရ စားပြီး အရက်ကျည်တောက်ကို မော့သောက်သည်။ ထို့နောက် "ပညာစမ်းပွဲ စကြပါစို့" ဟု အော်သည်။ လှေကားပေါ်သို့ ပြေးတက်သည်။ အလယ်ထစ်တွင် ရပ်လျက် ခေါမအဖွဲ့ကို လှမ်းမေးသည်။

"ခေါမပြည်မှ ကြွလာသော ပညာရှိအမတ်များခင်ဗျား၊ ကျွန်တော်ဟာ ဟောဒီအလယ်လှေကားထစ်မှာ ရပ်နေတာဟာ အောက်ကို ဆင်းမှာလား၊ အပေါ်ထစ်ကို တက်မှာလား၊ မှန်အောင် ဖြေနိုင်ရင် သင်တို့အမေးကို ကျွန်ုပ် ဖြေပါအံ့"

ပညာရှိ သုံးကျိပ်တစ်ယောက် ခေါင်းဆောင်သော ခေါမသံအဖွဲ့ မျက်လုံးပြူးပြီ။ ခေါင်းချင်းရိုက်ပြီ။

"သူရပ်နေတာက လှေကား အလယ်ထစ်၊ တကယ်လို့ အောက်ကို ဆင်းမှာလို့ ငါတို့က ဖြေလိုက်ရင် သူက အပေါ်ထစ်ကို တက်မယ်၊ တို့က အပေါ်ထစ်ကို တက်လိမ့်မယ် ဖြေရင် ဝုန်းခနဲ အောက်ကို ခုန်ဆင်းမယ်။ သူ့လက်ထဲကို ငါတို့ရောက်နေပြီ"

ခေါမပညာရှိများ တီးတိုးပြောကြသည်။ အကြံပယူကြ၊ ဉာဏ်ထုတ်

mgyoe.com

mgyoe.com


ကြသည်။ သို့ရာတွင် ထော်ခဲကို သူတို့ မဖယ်လှန်နိုင်ပါ။ အရှုံးပေး လိုက်ရပါပြီ။

ပွဲကြည့် ပရိသတ်ဖြစ်သော တိုင်းသူပြည်သားများ၏ ချီးမွမ်းသံသည် ခြိမ့်မွမ်း၏။ ဘုရင်မင်းမြတ်ကလည်း ဆုတော်များ သနား၏။

ခေါမသံအဖွဲ့သည် ရွှေငွေအပြည့်ပါသော သဘော်ခုနစ်စင်းကို ဘုရင်မင်းမြတ်ထံ ဆက်သခဲ့ပြီး ခေါမပြည်သို့ ပြန်သွားကြလေ၏။ ဘုရင်မင်းမြတ်လည်း မူလကတိအတိုင်း ထော်ခဲအား ရွှေငွေထက်ဝက် ခွဲပေး၏။ သို့သော် ထော်ခဲ လက်မခံပါ။ ရွှေတစ်တင်းနှင့် ငွေတစ်တင်းသာ ယူပြီး မိခင်သူကြွယ်ကတော်ကျထံ ပို့ပေးလိုက်လေ၏။

## စားထမ်းထားသော ကျွဲကလေး

ဝေးလံသော ခေါမတိုင်းပြည်မှ သဘော်ခုနစ်စင်းကို လက်ဝယ်ပိုင်ပိုင်ရရှိအောင် ဆောင်ရွက်လိုက်နိုင်သော ဂန္ဓောဝါသပြည်၏ ဂုဏ်သတင်းသည် အတိုင်းတိုင်း၊ အပြည်ပြည်သို့ ပျံ့နှံ့သွားလေ၏။

သို့ဖြစ်သဖြင့် အယုဒ္ဓယပြည်က လက်ရုံးချင်း စမ်းသပ်ယှဉ်ပြိုင်ရန် သဘော်ခုနစ်စင်းကို လွှတ်လိုက်၏။ လက်ရုံးချင်းဆိုသော်လည်း လက်နက်စွဲကိုင်သော စစ်သည်ရဲမက်တွေ မပါပါ။ အပြောအဆို ရည်မွန်သော၊ ချောငန်သော သံအဖွဲ့ဝင်များနှင့်အတူ ရွှေတွေ ငွေတွေ၊ ထို့ပြင် ကျွဲကြီးတစ်ကောင်သာ ပါလာသည်။ အကောက်တော် အရာရှိများက အယုဒ္ဓယသံအဖွဲ့အား ဆီးကြိုမေးမြန်းသည်။

"အမတ်မင်းတို့ ဘာအတွက် ကြွလာကြတာပါလိမ့်"

"အမောင်တို့ ရှင်ဘုရင်ဆီမှာ အလောင်းအစားနဲ့ ကျွဲတိုက်ချင်လို့ လာတာပါ။ အမောင်တို့ တိုင်းပြည်ကြီးဟာ ဆန်ရေစပါးပေါ်များ ကြွယ်ဝတဲ့အတွက် ဖြစ်ပေတယ်"

mgyoe.com

mgyoe.com


"ဘယ်လို အလောင်းအစားနဲ့ ကျွဲတိုက်လိုကြပါသတုံး"

ပြည့်ရှင်မင်း၏ရှေ့တော်သို့ ပို့ဆောင်ပေးရမည်ဖြစ်သဖြင့် စုံစေ့အောင် စေ့ငုကြရခြင်း ဖြစ်ပေသည်။

"အကျွန်တို့မှာ ပါလာတဲ့ ကျွဲနဲ့ ဂန္ဓောဝါသ တိုင်းပြည်က ဘယ်လိုကျွဲနဲ့မဆို တိုင်ချင်လို့ ရောက်လာတာပါ"

"ဘယ်လိုစည်းကမ်းတွေ သတ်မှတ်ပါသတုံး"

"အယုဒ္ဓယ ကျွဲက ဂန္ဓောဝါသ ကျွဲကိုရှုံးရင် အကျွန်တို့မှာပါတဲ့ သင်္ဘောခုနစ်စင်းစာ ရွှေငွေများကို သိမ်းယူပါ။ အကျွန်တို့ကျွဲက နိုင်လျှင်လည်း အလားတူ ရွှေငွေတွေ ပေးလျော်ရပါမယ်"

အယုဒ္ဓယသား ငါးရာကို သင်္ဘောပေါ်သို့ ပြန်အတက်ခိုင်းသည်။

အကောက်တော် မင်းများသည် သံအဖွဲ့ကိုသာ ဘုရင့် ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာခဲ့ကြလေ၏။

ဘုရင်မင်းမြတ်သည် အကောက်တော် အရာရှိများ၏ တင်စကားကို ကြားနာတော်မူပြီးလျှင် သုံးရက်ခွာပြီး ရက်ချိန်း ပေးတော်မူလိုက်သည်။

ထို့နောက် လက်သုံးတော် သုခမိန်လေးဦးအား ရှေ့တော်သို့ခေါ်ကာ တိုင်ပင်တော်မူသည်။ သုခမိန်များမှာ တိုက်ကျွဲကောင်းရှိရာအရပ်ကို မညွှန်ပြနိုင်ကြပါ။

ကျွန်တော်မျိုးတို့ရဲ့ ဂန္ဓောဝါသ တိုင်းပြည်ကြီးဟာ စပါး ဆန်ရေ ရွှေငွေ လိုရာမတ ပေါများပြည့်စုံ ကုံလုံကြွယ်ဝတဲ့အတွက် ကျွဲတိုက်၊ နွားတိုက်၊ ကြက်တိုက်၊ ခါတိုက် စတဲ့ မကောင်းမှု ကျူးလွန်သူ မရှိကြောင်းပါ ဘုရား။ သို့အတွက် အယုဒ္ဓယကျွဲကို ယှဉ်ပြိုင်ဖို့သတ်မယ့် ကျွဲမရှိကြောင်းပါ ဘုရား"

သုခမိန်များက တိုက်ကျွဲကောင်းကောင်း မရှိသည့်အတွက်

mgyoe.com

mgyoe.com


ဂုဏ်ယူကြ၏။ သို့တစေ ရွှေနန်းရှင်ကား ဤသို့မဟုတ်ပေ။

"မောင်မင်းတို့ စဉ်းစားကြည့်၊ ပြိုင်ဘက် မတွေ့လို့ ပြန်သွားရတဲ့ အယုဒ္ဓယတွေက ဘာပြောမတုံး။ ဂန္ဓာဝါသတိုင်းပြည်ကြီး ကြွယ်ဝချမ်းသာတယ်၊ စည်ပင်ဝပြောတယ်၊ ပညာရှိပေါတယ်ကြားလို့ သွားပါတယ်။ တိုက်ကွဲတောင် မရှိဘူးလို့ အပြောခံရပေဖူးလားကွယ်တို့"

သုခမိန်လေးဦးကား သည့်ထက် ပို၍ မတင်တတ်ကြပေ။

"ကျွဲရှိပါလျက်နှင့် တိုက်ကွဲမရှိတာ ယုတ္တိမတန်ဘူး မောင်မင်းများ"

သုခမိန်တို့ကား ရှေးဦးစကားကိုသာ တစ်နည်း လှည့်ပြီး တင်ကြ၏။ တစ်နေကုန်၍ အိမ်သို့သာ ပြန်သွားကြသော်လည်း တိုက်ကွဲကိစ္စ အဖြေမပေါ်ပေ။ အကြံကုန်တော့မှ ဘုရင်မင်းမြတ်သည် ထော်ခဲကို သတိရ၏။ ထော်ခဲကို ရှေ့တော်သို့ အလျင်အမြန်ခေါ်၏။ တိုင်ပင်တော်မူသည်။

ထော်ခဲမူ ထမင်းကြမ်းခဲကို ဆားဖြူးစားသည့်နှယ် လွယ်ကူအေးဆေး၏။ "စိုးရိမ်နှောင့်လို့ ကြောင့်ကြတော်မူပါနဲ့ဘုရား" လျှောက်ထား၏။

"ဘာပြုလို့ မစိုးရိမ်ရမှာတုံး ထော်ခဲရဲ့"

"အယုဒ္ဓယကျွဲကို ယှဉ်ပြိုင်အနိုင်ရဖို့က ကျွန်တော်မျိုး တာဝန်ဘုရာ့၊ သဘော်ခုနစ်စင်းစာ ရွှေငွေတွေ ထည့်ဖို့ ကျိုကြီးတစ်လုံး အမြန်ဆောက်ဖို့က အရှင်မင်းကြီးရဲ့တာဝန်"

"အာမခံရဲလှချေကလားဟဲ့"

"ဂန္ဓာဝါသ ဘုရင်မင်းမြတ်ရဲ့ဖိနပ်တော်ပဲ ဘုရား၊ ဒါလောက်တော့ ပညာရှိပါသေးတယ်။ ရွှေငွေတွေကို ကျွန်တော်မျိုး ထက်ဝက်ယူမှာနော်"

"သို့ဖြစ်လျှင် ဘယ်နေ့မှာ အယုဒ္ဓယကျွဲနဲ့ တိုက်နိုင်မတုံး မောင်မင်း"

"ကနေ့ကစပြီး ခုနစ်ရက်မြောက်နေ့ကို သတ်မှတ်တော်မူပါဘုရား"

mgyoe.com

mgyoe.com


သို့ဖြစ်သဖြင့် ဘုရင်မင်းမြတ်သည် အယုဒ္ဓယသံအား ရှေ့တော်သို့ ခေါ်ကာ ထော်ခဲ ပြောသည့်အတိုင်း ရက်ချိန်းပေးလိုက်လေ၏။

ကျွဲတိုက်ပွဲကျင်းပရန် သုံးရက်အလိုတွင် ထော်ခဲ အလုပ်စတော့၏။ သူသည် နို့စို့အရွယ် ရက်သား ကျွဲသားငယ်ကလေးတစ်ကောင်ကို ရှာဖွေပြီး အမိနှင့်ခွဲထားသည်။ ကျွဲတိုက်ပွဲကျင်းပမည့် ကွင်းကြီးထဲတွင် ခြံကလေး တစ်ခြံ လုံအောင်ခတ်သည်။ ကျွဲကလေးကို ထည့်ထားသည်။ ကျွဲကလေး ကိုလည်း အဝတ်ဖုံးထားသေးသည်။

ကျွဲတိုက်ပွဲ ကျင်းပမည့်နေ့သို့ရောက်ပြီ။

ထော်ခဲသည် ကျွဲကလေးကို နို့မတိုက်သေး။ ဓားမြှောင်နှစ်ချောင်း ကို ကျွဲကလေး၏ နှာခေါင်းပေါက်များဘေးတွင် ခိုင်ခံ့စွာ ကပ်ချည် သည်။ ပြီးလျှင် ပြန်လည်ပြီး အဝတ်ဖြင့် အုပ်မြဲ အုပ်ထားပြန်သည်။

ကျွဲတိုက်ပွဲ ကျင်းပမည့်ကွင်းထဲတွင် လူများပြည့်နေပြီ။ ဈေးသည် တွေ၊ အတီးအမှုတ် အကအခုန်တွေဖြင့် ဆူညံစည်ကားနေသည်။ ဘုရင် မင်းမြတ် ကြွလာတော်မူပြီ။ ဆူညံသံများ တိတ်ဆိတ်သွားပြီ။

အယုဒ္ဓယတို့က သူတို့ကျွဲကို ယူလာသည်။ တောင်လောက် မြင့် သောကျွဲကြီး ဖြစ်သည်။ သံရောင်ထနေသဖြင့် သံဖြင့် သွန်းလုပ်ထားသော သံကျွဲကြီးလားဟု ထင်မှတ်ရသည်။

"ကျွဲတိုက်ပွဲ စစေ"

ထော်ခဲသည် ထိုအခါတွင်မှ လုံခြုံစွာ ကာရံထားသော ခြံထဲမှ ပဝါခြုံထားသော ကျွဲငယ်ကို ထုတ်ယူလာသည်။

"ဟာ... အကျိုးနည်းပြီဟော့၊ ထော်ခဲ ဘယ်လိုလုပ်လိုက်ပါလိမ့်"

အလွန်ငယ်ငေါင်းသော ကျွဲကလေးကို မြင်ရသည့် ခဏဝယ် တိုင်းသူပြည်သားများမှာ ဘုရားတသူတ၊ ရင်မသူမကြတော့သည်။

"အယုဒ္ဓယကို ရွှေငွေတွေ သဘော်ခုနစ်စင်းစာ ပေးလျော်ရရင်

mgyoe.com

mgyoe.com



တော့ ငါတို့ ဘုရင်မင်းမြတ် မွဲတော့မှာပဲ"

"အလကား ထော်ခဲ၊ အရူး ထော်ခဲ"

"ဝန်ကြီးရဲ့ကလေးကို သတ်ပစ်တဲ့အရူးပဲကွ"

အချို့က တီးတိုးပြောရာက စိတ်မထိန်းနိုင်သဖြင့် ထော်ခဲအမည် ထုတ်ဖော်ကာ ဆဲရေးကြလေသည်။

ထိုအခိုက်တွင် မောင်းတီးသံပေါ်လာသည်။ အယုဒ္ဓယသားများ က ကျွဲကြီးကို လွှတ်သည်။ ထော်ခဲလည်း သူ၏ကျွဲကလေး ခေါင်းပေါ်မှ ပဝါကို ဆွဲဖယ်ကာ ကွင်းထဲမှ ထွက်သွားလေသည်။

တိုက်ကျွဲကြီးမှာ ဒေါသတကြီးဖြင့် ရန်သူကို ရှာနေ၏။ နှာမှုတ်နေ ၏။ ရန်သူ အဘယ်မှာနည်း။

သို့စဉ်တွင် ကျွဲကြီးထံသို့ ကျွဲသူငယ် ကမူးရှူးထိုး ပြေးလာ၏။ ကလေးသူငယ်မျှသာဖြစ်သော ထိုကျွဲကလေးသည် အထီး အမ ခွဲခြား မသိပါ။ မည်းမည်းမြင်လျှင် သူ့အမေဟု ထင်နေသည်။ သို့ကြောင့် တိုက်ကျွဲကြီး၏ ဗိုက်အောက်သို့ ပြေးဝင်သည်။ နို့ကို ပြေးဟပ်သည်။

ကျွဲသားငယ်က နို့ကို ခုန်ဟပ်တိုင်း ဟပ်တိုင်း နှာခေါင်းဘေး၌ တပ်ဆင်ထားသော ဓားမြှောင်နှစ်ချောင်းက တိုက်ကျွဲကြီး၏ဗိုက်ကို ထိုး သည်။ အမေ့နို့အစစ်ကို မတွေ့တိုင်း အငမ်းမရ ရှာဖွေလေလေ ဓားက စူးလေလေဖြစ်ရာ တိုက်ကျွဲကြီးမှာ ဓားမြှောင်ဖြင့် အချက်ငါးဆယ်ခန့် အထိုးခံရသောအခါ သွေးသံရဲရဲဖြင့် ထွက်ပြေးလေတော့၏။

ကျွဲသားငယ်မှာ နို့မထွက်သော ကျွဲကြီးထံမှ နို့ရနိုးဖြင့် ပြေးလိုက် ၏။ ကျွဲကြီးကလည်း ဗိုက်အောက်သို့ ဉမမယ် စာမမြောက်ကောင်ကလေး အဝင်မခံရဲသဖြင့် ပြေးသည်။ ထို့နောက်တွင်ကား လွတ်ရာ ကျွတ်ရာ ကွင်းပြင်သို့ပြေးတော့သည်။

ထူးဆန်းလေစွတကား။

mgyoe.com

mgyoe.com



ပွဲကြည့်ပရိသတ်၏မျက်စိထဲတွင် တောင်လောက်ရှိသော သံကျွဲကြီးသည် ကျွဲမှုန့်မှုန့်ကလေးကို ကြောက်သောကြောင့် အမြီးထောင်ပြီး တရကြမ်း ပြေးနေသည်။

"အယုဒ္ဓယကျွဲ ရှုံးပြီဟော့၊ ငါတို့ကျွဲနိုင်ပြီကွ"

အော်ဟစ်သံကြီး အားနှင့် မာန်နှင့် ထွက်ပျံလာသည့်နည်းတူ...

"ထော်ခဲကွ၊ ဒါမှ ငါတို့ထော်ခဲကွ"

"ဉာဏ်ကြီးရှင် ထော်ခဲ၊ သက်တော်ရာကျော်ရှည်ပါစေ"

ချီးမွမ်းသံများနှင့် ဆုတောင်းသံများ၊ ကောင်းချီးပေးသံများ ဘဝင်လျှံကာ ညံနေလေတော့သည်။

အယုဒ္ဓယသားများမှာ ရှက်လွန်းသဖြင့် ခေါင်းမဖော်ရဲကြပေ။ တူတူတန်တန် ကျွဲချင်းတိုက်၍ ရှုံးရလျှင် ရှုံးပျော်၏။ ဂုဏ်ရှိ၏။ ယခု သော်ကား သူငယ်နှပ်စား ကျွဲကလေးကို ရှုံးရလေခြင်း။

မည်သို့ဖြစ်စေ ရွှေငွေအပြည့် တင်ထားသော သင်္ဘောခုနစ်စင်းကို ပေးအပ်ခဲ့ပြီး ပြန်သွားကြလေ၏။

ဘုရင်မင်းမြတ်သည် ထော်ခဲအား ရှေ့တော်သို့ခေါ်ကာ ဆုတော်၊ လာဘ်တော်များ ပေးသနားတော်မူသည်။ ရွှေငွေများကိုလည်း ထက်ဝက် ခွဲပေးသေးသည်။ ထော်ခဲသော်ကား ရွှေတစ်တင်း၊ ငွေတစ်တင်းကိုသာ ယူကာ အမိထံသို့ ပို့လိုက်လေ၏။

## အုံ့ညြှိဖွယ် ရေငုပ်ကောင်းသူ

ဂန္ဓောဝါသ တိုင်းသူပြည်သားများ ထော်ခဲအကြောင်းကို ပြော၍ မဆုံးကြသေးမီ သင်္ဘောငါးစင်းသည် ရွှေငွေများ အပြည့်အမောက်တင် လျက် ဂန္ဓောဝါသပြည်သို့ဆိုက်ရောက်လာကြ၏။ သူတို့သည် ယက္ခပူရ ပြည်မှ ဖြစ်သည်။

mgyoe.com

mgyoe.com


ယက္ခပူရသံအဖွဲ့သည် ဘုရင်မင်းမြတ် ရှေ့တော်သို့ ဝင်ရောက်ခစားခွင့်ရသည့်အခါ ဤသို့ လျှောက်တင်သည်။

"ဂန္ဓောဝါသ နိုင်ငံတော်ကြီးသည် ပညာရှိပေါ၏။ လူစွမ်းကောင်းပေါ၏ဟု ကြားရသောကြောင့် အစွမ်းပြိုင်ရန် ရွှေဖဝါးတော်အောက်သို့ အခစားရောက်လာရပါသည် အရှင်မင်းမြတ် ဘုရား"

"ဟဲ့... တိုင်းတစ်ပါးသားတွေ၊ မောင်မင်းတို့က ဘာကို ပြိုင်ချင်ကြသတုံးဟဲ့"

"မှန်လှပါ၊ ရေငုပ်ပြိုင်ချင်ပါသဘုရား၊ ရေငုပ်ပြိုင်ရာတွင် ရှုံးကြေး၊ နိုင်ကြေးလည်း ပါပါတယ် ဘုရား"

ဂန္ဓောဝါသ ဘုရင်မင်းမြတ်မှာ လောင်းကြေးစားကြေးတွင် သင်္ဘောဆယ့်လေးစင်းစာ ရွှေငွေများရထားသဖြင့် အားတက်သရော မေးတော်မူမိ၏။

"ဟဲ့... တင်စမ်းလဟဲ့၊ ဘယ်လိုလောင်းကြေးတုံး"

"ကျွန်တော်မျိုးတို့ ယက္ခပူရ ရေငုပ်သမားနှင့် ဂန္ဓောဝါသ ရေငုပ်သမားတို့ ရေထဲကို ပြိုင်တူဆင်းငုပ်ကြပါမယ် ဘုရား၊ ဦးစွာပေါ်သူဟာ အရှုံးပါဘုရား။ ကျွန်တော်မျိုးတို့ရဲ့ ရေငုပ်သမားက ဦးစွာ ပေါ်လာရင် ပါလာတဲ့ သင်္ဘောနှင့်တကွ သင်္ဘောပေါ်မှာပါလာတဲ့ပစ္စည်းများပါ ဆက်သခဲ့ပါမယ်ဘုရား။ အရှင်မင်းကြီးရဲ့ ရေငုပ်သမားက အလျင်ပေါ်လာရင်လည်း သင်္ဘောငါးစင်းစာ ရွှေငွေများ ပေးလျော်ရပါမည် ဘုရား"

"ကောင်းပြီ မောင်မင်းတို့၊ ငါ၏သုခမိန်မတွေနဲ့ နှီးနှောအပြီးမှာ မောင်မင်းတို့ ပွဲတောင်းတာကို လက်ခံမယ် လက်မခံဘူး။ လက်ခံရင်လည်း ဘယ်နေ့မှာ ပြိုင်ပွဲကျင်းပမယ်ဆိုတာတွေ အကြောင်း ပြန်မယ် မောင်မင်းများ"

ထို့နောက် သီရိဂန္ဓောမင်းသည် သူ၏ပညာရှိ သုခမိန် လေးဦးကို

mgyoe.com

mgyoe.com


ခေါ်ယူတိုင်ပင်တော်မူ၏။

သုခမိန်များသည် ရေငုပ်လူစွမ်းကောင်းကိုလည်း မညွှန်ပြနိုင်ပေ။ ပြိုင်ပွဲတွင် နိုင်ရာနိုင်ကြောင်း နည်းကောင်းများကိုလည်း မရှာဖွေနိုင်ကြချေ။

"ကျွန်တော်မျိုးတို့ နိုင်ငံတော်ကြီးမှာ ရေအကြာကြီး ငုပ်နိုင်သူ မရှိပါဘူး အရှင်မင်းကြီး"

"ဟဲ့... သုခမိန်အမတ်တို့၊ လူချင်းဆိုင်ရင် ကိုယ့်လူက နိုင်ချင်တဲ့ မျိုးချစ်စိတ်ကလေးတောင် မောင်မင်းတို့မှာ မရှိတော့ပြီလား"

"ယက္ခပူရဆိုတာ ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်းနိုင်ငံဖြစ်ကြောင်းပါ ဘုရား"

"နိုင်ငံကြီးတစ်နိုင်ငံလုံးမှာ ရေငုပ်တော်သူတစ်ယောက်တလေ တောင် မရှိတော့ဘူးလား။ မောင်မင်းတို့ မရှက်ဘူးလား"

သုခမိန်တွေ ရှက်အောင်၊ မခံချင်အောင် ဘုရင်မင်းမြတ် ပြောသော်လည်း သုခမိန်တွေ မတုန်လှုပ်ပါ။

သူတို့တွင် အတ္တဖုံးနေသဖြင့် ငုတ်တုတ်ခံကြ၏။

သီရိဂန္ဓောမင်းကား ရွှေငွေထက် အောင်နိုင်ခြင်း၊ သာလွန်ခြင်းကို အလိုရှိတော်မူသည့်အလျောက် ထော်ခဲအား ခေါ်ယူတိုင်ပင်၏။

သုခမိန်တွေ လက်မှိုင်ချရသော အကြောင်းခြင်းရာသည် ထော်ခဲ အတွက်သော် ထမင်းစား ရေသောက်သာ ဖြစ်နေပေ၏။

"သည်ကိစ္စအတွက် ဘာမျှ စိုးရိမ်မနေနဲ့ ဘုရား၊ ကျွန်တော်မျိုး နိုင်အောင် ပြိုင်ပါ့မယ် ဘုရား။ ကျွန်တော်မျိုး နိုင်ရင်သာ သင်္ဘောငါးစင်း စာ ရွှေငွေတွေရဲ့ ထက်ဝက်ကို သနားတော်မူဖို့ မမေ့ပါနှင့် ဘုရား"

ဘုရင်မင်းမြတ်မှာ ယခုမှ ရင်ထဲက အလုံးကြီးကျသွား၏။

"သင်္ဘော ခုနစ်စင်းခွဲစာ ရွှေငွေတွေ မောင်မင်းကို သနားတော်မူ

mgyoe.com

mgyoe.com



မယ်။ သို့ကလိုဆိုရင် ပြိုင်ပွဲ ဘယ်နေ့လုပ်မတုံး၊ သန်ဘက်ခါလား"

"သန်ဘက်ခါဟာ ပြဿဒါးဘုရား၊ ယနေ့မှ ခုနစ်ရက်မြောက်နေ့ဟာ နေ့ကောင်းဖြစ်ကြောင်းပါ ဘုရား"

သို့ဖြင့် ဘုရင်မင်းမြတ်သည် နောက်နေ့တွင် ယက္ခပူရသံအဖွဲ့ကို ရှေ့တော်သို့ ဆင့်ခေါ်တော်မူ၏။ ထော်ခဲ အကြံပေးသည့်ရက်ကို ရေငုပ်ပြိုင်မည့်ရက်အဖြစ် သတ်မှတ်တော်မူလိုက်၏။

ယက္ခပူရသံအဖွဲ့သည် ရေငုပ်ပြိုင်မည့် ထော်ခဲအကြောင်းကို စုံစမ်းကြည့်သောအခါ ပညာရှိဖြစ်ကြောင်း သိကြရ၏။ ထော်ခဲ ဘာလုပ်သည်၊ ဘယ်သွားသည်တို့ကိုပါ လိုက်လံလေ့လာကြ၏။ ထော်ခဲသည် ရေငုပ်ပြိုင်ပွဲကျင်းပမည့် မြစ်ကမ်းတွင် ဝါးတွေ၊ သစ်တွေကို စုပုံထားကြောင်း သိကြရ၏။

"ရေငုပ်တာနှင့် သစ်ဝါးတွေနဲ့ ဘာဆိုင်သတုံး"

သံတော်ကြီးတွေ အစဉ်းစားရ ခက်၏။ သူတို့သည် ရေငုပ်ခြင်းနှင့် သစ်ဝါးကို ဆက်စပ်၍မရ။

မည်သို့မျှ တွေးတောမရသည့်အဆုံးတွင် ထော်ခဲထံ လာရောက်ချဉ်းကပ်ကြရတော့၏။

"အဆွေ ထော်ခဲ၊ ရေငုပ်ပြိုင်ပွဲလုပ်မယ့် နေရာနားမှာ သစ်ဝါးတွေကို စုပုံထားတဲ့ ရည်ရွယ်ချက်ကလေး သိပါရစေ"

ထော်ခဲက ဟက်ခနဲ တစ်ချက် ရယ်သည်။ ပမာမခန့် ဖြေသည်။

"ရေငုပ်ပြိုင်တဲ့အခါ အကြာကြီး ရေငုပ်နေရမှာဗျ၊ ရေငုပ်နေတုန်း ဘာလုပ်ရမှာတုံး။ အကျွန်က အလုပ်မရှိရင် မနေတတ်ဘူး။ အဲဒါကြောင့် ရေအောက်မှာ ငုပ်နေတဲ့ တစ်ချိန်လုံး အပျင်းဖြေစရာ နည်းလမ်းကို ရှာတဲ့အခါမှာ တောင်း၊ ပလုံးယက်ပြီး အချိန်ဖြုန်းတဲ့နည်းကို စဉ်းစားမိတယ်။ အဲဒါပါပဲလေ၊ ရေငုပ်နေချိန်မှာ တောင်း၊ ပလုံး၊ ဆန်ကော၊ ဆန်ခါရက်

mgyoe.com

mgyoe.com


ဖို့အတွက် ဝါးတွေ အသင့်ထားတာပါ"

လာရောက် စုံစမ်းသူ၏မျက်နှာတွင် စိုးရိမ်ခြင်းနှင့် ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ ဖြစ်ပေါ်လာ၏။ ဤသို့ ဖြစ်ပေါ်သည်ကို ထော်ခဲက မသိချင်ယောင်ပြုနေလိုက်၏။ "အပျင်းလည်း ပြေ၊ အသုံးလိုတာလည်း လုပ်ပြီးသား ဖြစ်တာပေါ့လေ" ဟု လေးလေးတွဲ့တွဲ့ ဆို၏။

"အနို့... သစ်တွေ ပုံထားတာကရော"

"ဒါလား" ဆိုကာ ထော်ခဲ ရယ်မောနေသည်။

မေးမြန်းစုံစမ်းလာသူအား ပြုံးစေ့စေ့ စိုက်ကြည့်သည်။

အကြည့်ခံရသူ အနေအထိုင် ခက်တော့မှ အေးဆေးစွာဖြေသည်။

"တောင်း၊ ပလုံး၊ ဆန်ကော၊ ဆန်ခါတွေ ရက်လို့ဝါးတွေ ကုန်သွားတဲ့နောက်မှာ ဖော်လို့ မဖြစ်သေးဘူးလေ။ ရေဆက်ပြီး ငုပ်နေဦးမှာဆိုတော့ အလကားနေ အလကားပဲ။ မိတ်ဆွေတွေဆီက ငှားငှားပြီး ပြန်မပေးမိတဲ့ လှော်တက်တွေ ပြန်ဆပ်ဖို့အတွက် ရေအောက်မှာ လှော်တက်ခုတ်ဦးမှပဲ ဆိုတဲ့ စိတ်ကူးနဲ့ သစ်တွေကို လိုရမည်ရ ပုံထားတာပါ"

ထော်ခဲ၏ မျက်နှာထားနှင့် လေသံတို့မှာ ပေါ့တီးပေါ့ဆ ရှိလှ၏။

သို့သော် လာရောက် စုံစမ်းသူကား မျက်စိပျက် မျက်နှာပျက်ဖြင့် ပြန်သွားသည်။ ထော်ခဲ၏စကားကို ယက္ခပူရသံတွေ အလေးအနက် စဉ်းစားကြသည်။

"ဒီဝါးတွေ ကုန်သည်အထိ ရေအောက်မှာ တောင်း၊ ပလုံး ရက်နေမယ်ဆိုတာဟာ လေးငါးရက် ရေငုပ်နေနိုင်တယ်လို့ ပြောတာပဲ"

"သည်လို မဟုတ်ဘူး၊ ဝါးတွေကုန်သည်အထိ လေးငါးရက် ရေငုပ်နေမယ့်အပြင် သစ်တွေကုန်သည်အထိ လှော်တက်ခုတ်နေဦးမယ် ဆိုတော့ နောက်ထပ် အနည်းဆုံး ရေအောက်မှာ သုံးလေးရက် နေဦးမယ် ဆိုတဲ့သဘောပဲ"

mgyoe.com